ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ အင်္ဂါနေ့ (12-2-2013) (၇၃၉၄)

☆ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရန်အတွက် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေ။

☆ တိုင်းရင်းသားညီအစ်ကိုများအားလုံးကလည်း ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြရန် လိုအပ်။

# ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်တားဆီး ရရှိပြီးဖြစ်သည့် အခြေခံကောင်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားအကောင်အထည်ဖော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည်-**

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းညီအစ်ကိုများ ခင်ဗျား -**

ယနေ့အချိန်အခါသည် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရင်ထဲတွင် ထာဝရသတိတရရှိနေရသည့် နေ့ထူးနေ့မြတ်ဖြစ်သော ပြည်ထောင်စုနေ့ အချိန်အခါဖြစ်ပါသည်။ ဤကဲ့သို့ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့ထူးနေ့မြတ်တွင် သွေးချင်းညီအစ်ကိုမောင်နှမအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲ၍ အတူတကွတည်ဆောက်ခဲ့သည့် နိုင်ငံတော်ကြီးဖြစ်ပေသည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါသည်။

အတိတ်သမိုင်းတွင် မြန်မာမင်းအဆက်ဆက်တို့သည် အမိနိုင်ငံတော်တည်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးဆောင်လမ်းညွှန်ပေးခဲ့ကြပါသည်။ သို့အတွက်ကြောင့် အတိတ်က မြန်မာနိုင်ငံတော်ကြီးသည်လည်း စည်ပင်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တိုင်းရင်းသားညီအစ်ကိုများ အသိပင်ဖြစ်ပေသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရမည် ဖြစ်ပေသည်။

ကိုလိုနီနယ်ချဲ့တို့၏ တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် လွတ်လပ်ရေးရပြီးစမှစ၍ အမိနိုင်ငံတော်ကြီးအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲမှားကာ စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းညီအစ်ကိုများ ခင်ဗျား -**

ကိုလိုနီစနစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျွန်ပညာရေးစနစ် အကောင်အထည်ဖော်မှု၊ တိုင်းရင်းသားညီအစ်ကိုတို့အပေါ် မတရားကုပ်သွေးစုပ်ပြီး ဖိုးမိုးခြယ်လှယ်မှု၊ မြန်မာ့သယံဇာတတို့ကိုမတရားရယူသိမ်းပိုက်မှုစသည့် ခါးသီးသောအတွေ့အကြုံတို့ကို မြန်မာတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး နှစ်ပေါင်းများစွာ ခါးစည်းခံခဲ့ရပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ ပြည်မတောင်တန်းပူးပေါင်းရေး ပင်လုံစာချုပ် ချုပ်ဆိုပြီး အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သည့် ပင်လုံကျောက်တိုင်။

## တို့ပြည်ထောင်စု

အောက်မြို့ အောက်ရွာ၊ မြစ်ချောင်းဖြာ၍
စိမ်းဝါလယ်ကွင်း၊ မိုးနှံ့သင်းသည်
ရှုခင်းလှပါပေသည်တကား။
အထက်အညာ၊ နေခြည်ဖြာ၍
တောင်ယာခင်းပြန့်၊ ထနောင်းနံ့နှင့်
သင်းပျံ့ပါပေသည်တကား။
ရှမ်း၊ ချင်း၊ ကချင် တောင်တန်းတွင်လည်း
နှင်းရွှင်ပက်ဖျန်း၊ ထင်းရှူးတန်းနှင့်
တင့်ဆန်းပါပေသည်တကား။
ကယား၊ ကရင်၊ စမ်းရေလျှင်နှင့်
မြသွင်သစ်တော၊ အလှနောသည်
သာမောဖွယ်ပါတကား။
မွန်၊ တနင်္သာရီ၊ ရခိုင်ဆီတွင်
ပင်လယ်လှိုင်းတေး၊ လေချိုသွေးသည်
ငြိမ်းအေးပါပေသည်တကား။
တို့ပြည်တို့ရွာ၊ အနှံ့သာပင်
နေရာတကာ၊ အလှဖြာတည့်
ညီညာပေါင်းစု၊ ပြည်ထောင်စုတည့်
အထုခိုင်မာ၊ တည်နေပါ၏
တို့မှာချစ်ရ၊ မြတ်နိုးရ၍
အလှတင့်ဆန်း၊ ငြိမ်းချမ်းပန်းလျှင်
ကြိုင်လန်း မွှေးကြူ ပါစေသတည်း။

**မင်းယုဝေ**



၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော် မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလံတင်အခမ်းအနား။

**၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံစာတည်းရှုထောင့် — ၁၂-၂-၂၀၁၃၊ အင်္ဂါနေ့

# ညီညွတ်မှုဖြင့် အဖျက်ရန်ဖယ်ရှား

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နေ့ထူးနေ့မြတ်နေ့တစ်နေ့ဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားပြည်သူအားလုံး တစုတစည်းတည်း စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ဝင့်ထည်ထည် ပြန်လည်ရပ်တည်နိုင်အောင် တောင်ပေါ်ပြည်မ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်ကြီးများ စိတ်တူသဘောတူ ညီညွတ်မှုကို ပြသနိုင်သည့်နေ့ဟုလည်း ညွှန်းဆိုနိုင်ပေသည်။

တစ်ပါးကျွန်လက်အောက်သို့ ကျရောက်ခဲ့ရသည့်ဘဝမှ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ်သို့ ခံ့ညားထည်ဝါစွာ ရောက်ရှိနိုင်ရေးအတွက် စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူပြနိုင်သော နေ့တစ်နေ့ဟုလည်း ဆိုရမည်ဖြစ်သည်။

ထိုနေ့သည်ကား ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဖြစ်သည်။

ထိုနေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြု၍ တိုင်းရင်းသားကိုယ်စားလှယ်များက မြန်မာ့လွတ်လပ်ရေးအတွက် အောင်မြေဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ကလေးတွင် လွတ်လပ်ရေးကို အရယူပေးနိုင်မည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သောကြောင့် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ယနေ့ထက်တိုင် ငွားငွားစွင့်စွင့် ပေါ်ထွန်းနေသည်မှာ (၆၆)နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။ ထိုနေ့ထိုရက်သို့ ရောက်ရှိလေတိုင်း အမျိုးသားခေါင်းဆောင်ကြီးများက ကြိုးပမ်းတည်ဆောက်ပေးခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မမေ့မလျော့သောအားဖြင့် ပြည်ထောင်စုနေ့အခမ်းအနားများကို အမြို့မြို့အနယ်နယ်တွင် ကျင်းပကြခြင်းဖြစ်သည်။

ထိုသို့ တည်ဆောက်ပေးထားသော ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားမာန်တို့ကို မမေ့မလျော့ ရှိနေရုံဖြင့်လည်း မပြီးချေ။ ရရှိပြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အရှည်တည်တံ့ခိုင်မြဲရန်အတွက် ပြည်ထောင်စုသားအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှု မပျက်ယွင်းအောင် ဆက်လက်ထိန်းသိမ်း တည်ဆောက်ထားရမည်ဖြစ်သည်။

ညီညွတ်ခြင်းသည် အင်အားဖြစ်သည်။ အင်အားချည့်နဲ့စေရန်အတွက် ညီညွတ်မှုကို ဖြိုဖျက်တတ်သည်မှာ လောကဓမ္မတာအရ အကောင်းအဆိုး၊ အပြုအပျက်တို့ ဒွန်တွဲရှိနေတတ်သော သဘောအရဖြစ်လေသည်။ ထိုအချက်ကို သတိမူ၍ ကျွန်ုပ်တို့၏ ရရှိပြီးသော စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ဘယ်သူခွဲခွဲ ဒို့မကွဲဘဲ အမြဲစည်းလုံးမည် ဆိုသကဲ့သို့ စိတ်ဝမ်းကွဲပြားမှုများ အခိုက်အတန့်အားဖြင့် ရှိစေကာမူ တို့ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးတို့သည် တစ်မိဝမ်းတွင်းမှ ဆင်းသက်လာသူများ ဖြစ်သကဲ့သို့ နှစ်ပေါင်းထောင်ချီ နေထိုင်ခဲ့ကြသူများဖြစ်သည်။ သူတစ်ပါး၏ သွေးခွဲမှုကြောင့်သာ သွေးကွဲခဲ့ကြ၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

စည်းလုံးညီညွတ်သောကြောင့်လည်း လွတ်လပ်ရေးပြန်လည်ရရှိလာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေး ရရှိခဲ့ခြင်းကြောင့်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွ မရှိအတူရှိအတူ အေးအတူပူအမျှ အေးအေးချမ်းချမ်း နေထိုင်နေရခြင်းဖြစ်သည်ဟူသည့် အကျိုးရလဒ်များကို သတိမူကြရမည်ဖြစ်သည်။

လက်ရှိအချိန်အခါ စစ်အေးလွန်ကာလတွင် ပြည်တွင်းညီညွတ်မှုကို စစ်ရေးဖြင့် ဖျက်ဆီးခြင်းမရှိတော့ဘဲ စည်းလုံးညီညွတ်မှု ပျက်ပြားအောင် သွေးခွဲသပ်လျှိုခြင်း၊ တွေဝေငေးမောအောင်ပြုလုပ်ခြင်း၊ ယုံမှားသံသယဖြစ်အောင် လှုံ့ဆော်ခြင်း၊ စိတ်ဝမ်းကွဲပြားအောင်ပြုလုပ်ခြင်း၊ ရရှိပြီးသော တည်ငြိမ်အေးချမ်းနေသည့် အသိုက်အမြုံပျက်စီးအောင် ဖန်တီးခြင်း စသည့် မလျော်ကန်သော ဆောင်ရွက်မှုများ ပြုလုပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေချိန်၊ နိုင်ငံကို ပြုပြင်ပြောင်းလဲမှုများဖြင့် လူမှုဘဝသစ်ကို ပုံဖော်နေချိန်တွင် ပုံဖော်တည်ဆောက်နေမှုများအား ပျက်ယွင်းအောင် ပြုလုပ်လာမှုများကို ပင်လုံမြေတွင် တည်ဆောက်ခဲ့သည့် ညီညွတ်မှုစွမ်းအားမျိုးဖြင့် တွန်းလှန်ဖယ်ရှားသွားကြရမည်ဖြစ်ပါသည်။ ။

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားဌာနသို့ ရောင်ခြည်ကုထုံးစက်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားဌာနသို့ ရောင်ခြည်ကုထုံးစက် (Thera Bean UV 308 P) လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အရေပြားဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ Z M H Universal Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Z M H Universal Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဗညားဇော်က လှူဒါန်းရခြင်း အကြောင်းနှင့် Ushio Asia Pacific Pte., Ltd. Managing Director Mr. Keiichi MASAMOTO က ရောင်ခြည်ကုထုံးစက်(Thera Bean UV 308 P) အကြောင်းတို့ကို ရှင်းလင်းတင်ပြကြပြီး Graduate School of Medicine Osaka University, Department of Dermatology မှ Professor and Chairman Mr. Ichiro Katayama က ကုသပေးနိုင်သော ရောဂါများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Z M H Universal Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဗညားဇော်နှင့် တာဝန်ရှိသူများက ရောင်ခြည်ကုထုံးစက်ကို ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်ဦးထံ ပေးအပ်လှူဒါန်းကြပြီး ဆေးရုံအုပ်ကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံ အရေပြားဌာနမှ Professor ဒေါက်တာ ဒေါ်ခိုင်ခိုင်ဇော်တို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

အဆိုပါရောင်ခြည်ကုထုံးစက်သည် ကုသရန်ခက်ခဲသော အရေပြားရောဂါတို့ကို Excimer Filter အသုံးပြု၍ ကလာပ်ဆဲလ်များကို ပြုပြင်ပေးပြီး အရေပြားပေါ်ရှိယားနာများ၊ အင်ပျဉ်များနှင့် နေလောင်ဒဏ်ရာများကို အထူးကုသပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြို့တွင်း အကြောင်းအမျိုးမျိုးကြောင့် လမ်းလယ်တွင် ရပ်တန့်ခြင်း၊ ယာဉ်ကြောနှစ်ထပ်ရပ်ခြင်း၊ လမ်းပိတ်ရပ်ခြင်း၊ ဖြူနီကျားရပ်ခြင်း၊ လမ်းထောင့်လမ်းကွေ့များတွင် ရပ်ခြင်းစသော စည်းကမ်းမဲ့ရပ်နားမှုများ တွေ့ရှိပါက မြို့နယ်အလိုက် သတင်းပေးတိုင်ကြားနိုင်သော ကရိန်းကားလုပ်ငန်း ဖုန်းနံပါတ်များကို ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများတွင် သက်ဆိုင်ရာမှ သတိပေးနှိုးဆော်ချက်အဖြစ် ဖော်ပြလာရာ စည်းကမ်းမဲ့ ယာဉ်ရပ်တန့်မှုများအပေါ် အရေးယူမှု စတင်လာခြင်းဖြစ်သည်ဟုဆိုနိုင်ကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

## စည်းကမ်းမဲ့ယာဉ်ရပ်တန့်မှုများ စတင်အရေးယူ

ယင်းသို့သော စည်းကမ်းမဲ့ရပ်တန့်မှုများကို ရန်ကုန်မြို့တွင်း ကားလမ်းတိုင်းတွင် တွေ့ရှိနေရရာ သတင်းပို့ချိန်နှင့် ကရိန်းလာရောက်မည့်အချိန် ကြားကာလတွင် အဆိုပါ စည်းကမ်းမဲ့ယာဉ်ကို ထိန်းသိမ်းနိုင်ရန် လိုအပ်ကြောင်း၊ ထိန်းသိမ်းမတားဆီးနိုင်ပါက ကရိန်းကားလာချိန်တွင် မောင်းနှင်ထွက်ပြေးသွားလျှင်သတင်းပို့၍ ကရိန်းကားခေါ်ယူသူအပေါ် သတင်းမှားပေးပို့သူအဖြစ် ပြန်လည်အရေးယူနိုင်ကြောင်း၊ နေရာအနှံ့ရှိနေသော နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် မြို့တော်စည်ပင် အပြာရောင် ဝတ်စုံဝတ်များ၊ စည်ပင်ရဲ၊ ပြည်သူ့ရဲ၊ ယာဉ်ထိန်းရဲများ စသည့် ဝန်ထမ်းမျိုးစုံရှိနေရာ ယင်းပုဂ္ဂိုလ်များအနေဖြင့် ပါဝင်ကူညီ သတင်းပို့မှသာ သတိပေးနှိုးဆော်ချက်ပါ လုပ်ဆောင်ချက် အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ရှေးဦးစွာ အရေးယူပြလိုက်ပါက စည်းကမ်းမဲ့ရပ်တန့်မှု ပပျောက်သွားနိုင်မည်ဟု ခရီးသွားများက ဆိုသည်။

ကရိန်းကားခေါ်ယူ ဆွဲယူသည့် အရေးယူခြင်းမျိုးသည် ပြည်ပနိုင်ငံများတွင် အောင်မြင်မှုရှိသော်လည်း မြန်မာပြည်၏ဓလေ့ထုံးစံအရ အံဝင်ခွင်ကျဖြစ်ရန် လိုအပ်နေကြောင်း၊ ကရိန်းကားခေါ်ယူ သတင်းပို့ချိန်နှင့် ကရိန်းကားလာရောက်မည့် အချိန်ကြားကာလတွင် စည်းကမ်းမဲ့ယာဉ်ကို တားဆီးနိုင်ရန် နိုင်ငံ့ဝန်ထမ်းများသည် သာမန်ပြည်သူများထက် လုပ်ပိုင်ခွင့်ရှိကြောင်း၊ စည်းကမ်းမဲ့လမ်းဘေးရပ်တန့်မှုနည်းလာလျှင် ယာဉ်လမ်းစည်းကမ်းလိုက်နာမှု အားကောင်းလာနိုင်သည်ဟု လမ်းအသုံးပြုနေသူများက ဆိုသည်။

ဖွင့်လှစ်ပေးခြင်း မရှိသေးသော လမ်းဘေးယာဉ်ရပ် စခန်းများတွင် ယခုအခါ ကုန်တင်ယာဉ်ကြီးများ လမ်းအလျားလိုက် စီတန်းရပ်တန့်ခြင်း၊ ကုန်တင်ကုန်ချ လုပ်ခြင်းများကို ကမ်းနားလမ်းမဟောင်းလမ်းဘေးရှိ ရပ်နားရန်နေရာအသစ်များပေါ်တွင် ရပ်တန့်အသုံးပြုနေသည်ကို နေ့စဉ်မြင်တွေ့နေရရာ ကိုယ်ပိုင်ယာဉ်ငယ်များ အခက်အခဲဖြစ်နေရသည်ဟု ဆိုသည်။ ပြည်လမ်းအရောင်းစင်တာကြီးနှစ်ခု မျက်နှာချင်းဆိုင်ရှိပြီး နာမည်ကြီး အစိုးရစာသင်ကျောင်းပါ စုပြုံရှိနေသော ဒဂုံမြို့နယ်တွင် ဘတ်စ်ကားယာဉ်ကြောများတွင် ကိုယ်ပိုင်ယာဉ်ငယ်များ၊ TAXI များ စီတန်းရပ်တန့်နေကြ၍ ခရီးသည်တင်ယာဉ်ကြီးများ လမ်းလယ်ကြောမှ မောင်းနှင်နေရသည်ကို နေ့စဉ်မြင်တွေ့နေရရာ ယင်းနေရာတွင် ကရိန်းကား အဆင်သင့်ရပ်ထားလျှင် စည်းကမ်းမဲ့မှုနည်းသွားမည်ဟု ဆိုနေသည်။

**(မောင်စေအောင်)**

## ရန်ကုန်မြို့တော်စည်ပင် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၏ (၁၈)ကြိမ်မြောက် အသင်းသားများ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်း မြို့တော်ဂေါက်ကွင်းရှိ ငွေသော်တာ ဂေါက်ကွင်းနှင့် မြကန်သာ ဂေါက်ကွင်းတို့၌ကျင်းပရာ အသင်းသား ၄၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများကျင်းပအပြီး ညပိုင်းတွင် ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ငွေသော်တာဂေါက်ကွင်း Club House ရှေ့၌ ကျင်းပရာ ပြိုင်ပွဲများ၌ ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)** **(သတင်းစဉ်)**



**ဥတုရာသီ တောကိုမှီ၏**

### မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၃ (အင်္ဂါနေ့)

- ၇း၀၃ တရားတော်
- ၇း၅၃ စည်းလုံးညီညာ အောင်ကြောင်းဖြာ(ဝလူမျိုး)
- ၈း၁၀ ဇာတ်လမ်းတို
- ၄း၂၅ တွဲလက်ညီညာ အောင်ကြောင်းဖြာ
- ၄း၄၅ မိုကာစိုင်းဘ(မိဘမျှော်)
- ၄း၅၀ ကိုယ့်မြေကိုယ့်အမွေ (ဇာတ်လမ်းတို)
- ၅း၀၀ လုပ်ငန်းခွင်သရုပ်ဖော်အက (ကချင်)
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် ဒုတိယတွဲ (အပိုင်း-၇၈)
- ၆း၁၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၆း၃၀ ***Football City Tour***
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ (အပိုင်း-၉)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ဟာသရုပ်စုံ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆွဲအားပြင်းတဲ့ချစ်ခြင်း အပိုင်း(၇) ***Mini Series***


# အမေရိကန်ပြည်ထောင်စုခရီး

New York, Washington D.C, Boston, Philadelphia, Niagara Falls, Rhode Island နှင့်နာမည်ကြီးမြို့ကြီးများ
Harvard, MIT, Yale နှင့် West Point စစ်တက္ကသိုလ် ကမ္ဘာ့အကြီးဆုံး Shopping Center နှင့်
Private, Luxury, Escorted Tour
Hilton ကဲ့သို့ ကြယ်(၅-၃)ပွင့်အဆင့်ရှိဟိုတယ်ကြီးများတွင်သာတည်းခိုမည်ဖြစ်ပြီး US လိုင်စင်ရ Professional Tour Guide နှင့်အတူ
Luxury ကားများဖြင့်လည်ပတ်ပို့ဆောင်ပေးမည်ဖြစ်သည်။

BUSINESSPLUS
Business & Leisure Travel
ရန်ကုန်။
E-mail: info@bplustours.com

# အမိမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

○ ရွှေဖုံးမှ

မျိုးချစ်စိတ်ဓာတ်ပြင်းထန်လှသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အတူတကွလက်တွဲပြီး နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ နယ်ချဲ့တို့ကလည်း မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသတို့ကို ခွဲခြားကာ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် နည်းအမျိုးမျိုးဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ပညာတတ်မျိုးချစ်လူငယ်တို့က ခေါင်းဆောင်ကာ မြန်မာ့တပ်မတော်ကို ဖွဲ့စည်းပြီး ဖက်ဆစ်အကူအညီရယူ၍ မြန်မာ့မြေပေါ်မှ ကိုလိုနီနယ်ချဲ့တို့ကို မောင်းထုတ်နိုင်ခဲ့ပါသည်။ သို့သော်လည်း ဖက်ဆစ်တို့၏ ရက်စက်ကြမ်းတမ်းစွာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် မြန်မာတိုင်းရင်းသားညီအစ်ကိုများအားလုံးက ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့ရပြန်ပါသည်။

နယ်ချဲ့တို့ ပြန်လည်ဝင်ရောက်လာကြပြီး တောင်ပေါ်ဒေသကိုချန်လှပ်၍ ပြည်မကိုသာ လွတ်လပ်ရေးပေးလိုသည့်အတွက် အမိမြန်မာနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးသည့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုခေါင်းဆောင်များက ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပကာ တိုင်းရင်းသားအားလုံးတညီတညွတ်တည်း လွတ်လပ်ရေးတောင်းဆိုကြမည်ဟု ကတိပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုနေ့ကို အစွဲပြု၍ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ် ကျင်းပပြုလုပ်လာခဲ့ရာ ယခုအခါ (၆၆)နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။ (၆၆)နှစ်မြောက် ဤနေ့ထူးနေ့မြတ်အချိန်အခါတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အမိမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အထူးအလေးထားပြီး တိုင်းရင်းသားတို့၏ အသည်းနှလုံးထဲတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ အစဉ်အမြဲ ကိန်းအောင်းနေဖို့ လိုအပ်လှပေသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းညီအစ်ကိုများ ခင်ဗျား-**

လွတ်လပ်ရေးရပြီးနောက် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲတွေကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့ကြပါသည်။ ပြည်တွင်း၌ တည်ငြိမ်အေးချမ်းမှု မရရှိခဲ့သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက လက်တွဲပါဝင်ဆောင်ရွက်သင့်သည်ကို အထူးသတိပြုသင့်ပေသည်။ ပြည်တွင်းပြည်ပ အဖျက်သမားတို့၏ အန္တရာယ်ကိုလည်း တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းကာကွယ်တားဆီးဖို့ လိုအပ်လှပေသည်။

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ ဖိနှိပ်သွေးစုပ်မှု၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ပျက်ပြားမှုစသည့် ခါးသီးသောအတွေ့အကြုံတို့ကို သင်ခန်းစာယူကာ တိုင်းရင်းသားအားလုံးက အမိမြန်မာနိုင်ငံတော်ကြီးထာဝရငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာပြည်အနှံ့ တိုင်းရင်းသားညီအစ်ကိုတို့ နေထိုင်ရာဒေသအသီးသီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေး တည်ငြိမ်မှုနှင့်




လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်လာနိုင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေပါသည်။ တိုင်းရင်းသားညီအစ်ကိုများအားလုံးကလည်း ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းညီအစ်ကိုများ ခင်ဗျား-**

အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းရန် လိုအပ်သည်ဟု ခံယူထားပါသည်။ သို့မှသာခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ရရှိပြီးဖြစ်သည့် အခြေခံကောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်ကို တိုင်းရင်းသားညီအစ်ကိုများအသိပင်ဖြစ်ပေသည်။

(၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးစည်းညီညွတ်စွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E & P Pte.,Ltd. သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၌ 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ADIRA ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point 1 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၉ မိနစ် ၃၅ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၉၉ စက္ကန့်၊ Point 2 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၅ မိနစ် ၃၁ ဒသမ ၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၁၁ ဒသမ ၉၁ စက္ကန့်၊ Point 3 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၅ မိနစ် ၃၁ ဒသမ ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၁၇ ဒသမ ၉၀ စက္ကန့်နှင့် Point 4 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၄၆ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၇ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ Point 5 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၅၁ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၅၄ ဒသမ ၆၇ စက္ကန့်၊ Point 6 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၁ ဒသမ ၃၃ စက္ကန့်၊ Point 7 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၈ မိနစ် ၅၃ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၃ ဒသမ ၄၀ စက္ကန့်နှင့် Point 8 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၈ မိနစ် ၅၂ ဒသမ ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၃ မိနစ် ၅၀ ဒသမ ၉၀ စက္ကန့်နှင့် Point 9 မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၉ မိနစ် ၃၈ ဒသမ ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၆ မိနစ် ၁၈ ဒသမ ၈၃ စက္ကန့် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ADIRA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုနေ့ဂုဏ်ပြု ပင်းတယ ပွေးလှချေးပတ်လမ်းသစ်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပွေးလှချေးပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီခွဲက ပွေးလှမြို့၌ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ဒေသခံရပ်မိရပ်ဖတစ်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပင်းတယမြို့နယ် အင်းငယ်ကျေးရွာ အမှတ်(၈၃) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် နိပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ပြီး ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးတို့နှင့်အတူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သော အခြေခံပညာမူလတန်းကျောင်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းများ ဆောက်လုပ်ပေးရေး စီမံကိန်းပါ ကျောင်းပေါင်း ၂၀၀ ပြည့်မြောက်ခဲ့သည့် ကျောင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃) နှင့် (၈) တွင်ပါရှိသည့် ပြင်သစ်သံအမတ်ကြီးအမည်အား H.E.Mr. Thierry MATHOU ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**



## ဖတ်ဖွယ်အဖုံဖုံ နိုင်ငံတကာသတင်းအစုံစုံ

### ကမ္ဘာ့အကြီးဆုံးရေငန်မိကျောင်း ဖိလစ်ပိုင်၌ သေဆုံး

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ လှောင်ကန်တစ်ခုတွင် ထိန်းသိမ်းထားရှိထားသည့် ကမ္ဘာ့အကြီးဆုံးမိကျောင်းအဖြစ် သတ်မှတ်ခံထားရသော ရေငန်မိကျောင်းကြီးမှာ ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်တွင် သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဆိုသည်။ လိုလောင်းဟုနာမည်ပြောင်ပေးထားသည့် ၂၀ ဒသမ ၃ ပေအရှည်ရှိ အဆိုပါ မိကျောင်းကြီးသည် ပြီးခဲ့သည့် လကတည်းက မည်သည့်အစာမျှ စားသောက်ခြင်း မပြုကြောင်း၊ သေဆုံးသည့်အချိန်တွင် ယင်းမိကျောင်းကြီး၏ ဝမ်းဗိုက်မှာ ပူဖောင်းနေကြောင်း အဆိုပါ မိကျောင်း လှောင်ကန်တည်ရှိရာ အဂူဆန်ဒယ်လ်ဆာခရိုင် ဘူနာဝန်မြို့၏ မြို့တော်ဝန်က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းမိကျောင်းကြီးကို ၂၀၁၁ ခုနှစ်အတွင်းက ဖမ်းဆီးရမိခဲ့ပြီး ထိုအချိန်ကာလတွင် ကမ္ဘာ့အကြီးဆုံးမိကျောင်းအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်တင်နိုင်ခဲ့ရုံမက ကမ္ဘာလှည့်ခရီးသည်အများအပြားစိတ်ဝင်တစား လာရောက်ကြည့်ရှုမှုကြောင့် နိုင်ငံခြားငွေအများအပြားရရှိခဲ့သည်။

### ပထမကမ္ဘာစစ်အတွင်းက ဘောလုံးပွဲများ ပြန်လည်ကျင်းပမည်

ပထမကမ္ဘာစစ် စစ်ပွဲဇုန်အတွင်း ခရစ္စမတ်အထိမ်းအမှတ် ယာယီအပစ်အခတ် ရပ်ဆိုင်းရေးကာလအတွင်း ကစားခဲ့သည့် ဘောလုံးပွဲများကို အထိမ်းအမှတ်အနေဖြင့် ပြန်လည်ကျင်းပရန် ဗြိတိန်အစိုးရက ရည်ရွယ်ထားသည်။ ဗြိတိန်ဝန်ကြီးဌာနများမှ ဝန်ကြီးများသည် ၁၉၁၄ ခုနှစ် ခရစ္စမတ်ကာလတွင် ယခင်စစ်မြေပြင်ဖြစ်ခဲ့သည့် ဖလန်ဒါစစ်ပွဲဇုန်၌ အထိမ်းအမှတ်အဖြစ် ဘောလုံးပွဲကျင်းပရန် အက်ဖ်အေနှင့် အမျိုးသားနိုင်ငံရေးဆိုင်ရာ ကလေးများ၏ ဘောလုံးမဟာမိတ်အဖွဲ့ (NCFA) နှင့် ဆွေးနွေးလျက်ရှိပြီး လာမည့်နှစ်အတွင်း ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ပထမကမ္ဘာစစ် ခရစ္စမတ် အထိမ်းအမှတ် ယာယီအပစ်အခတ်ရပ်ဆိုင်းရေးကာလအတွင်းက ကစားခဲ့သည့် ဘောလုံးပွဲများတွင် ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံစစ်သည်များ ပါဝင်ကစားခဲ့ကြပြီး လက်ဆောင်ပစ္စည်းများလည်း အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ အထိမ်းအမှတ်ဘောလုံးပွဲအစီအစဉ်အတွက် ဗြိတိန်အစိုးရက ပေါင်သန်း ၅၀ လျာထားသတ်မှတ်ပေးထားသည် ဆို၏။ ပထမကမ္ဘာစစ်သည် ၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ ဖြစ်ပွားခဲ့ပြီး ဗြိတိန်အင်ပါယာမှ လူငယ်စစ်သည် ၉၄၇၀၀၀ ပါဝင်ခဲ့သည်။

### ကယ်လီဖိုးနီးယားမှဆရာမ ကလေးမွေးဖွားရန် လွတ်ငြိမ်းချမ်းသာခွင့်ရ

အရွယ်မရောက်သေးသည့် ကျောင်းသားတပည့်တစ်ဦးနှင့် လူမှုရေးဖောက်ပြန်ခဲ့မှုကြောင့် ၂၀၁၂ ခုနှစ် ဩဂုတ် ၉ ရက်က ဖမ်းဆီးထောင်ချခြင်းခံခဲ့ရသည့် ကယ်လီဖိုးနီးယားမှ ဆရာမတစ်ဦးသည် ယခုအခါ ကိုယ်ဝန်သက်တမ်း ခုနစ်လရှိလာပြီဖြစ်၍ ကလေးမွေးဖွားရန် ထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ကြောင်း သိရသည်။ ကယ်လီမက်ကမ်ဇီအမည်ရှိ အသက် (၃၅) နှစ်အရွယ် အဆိုပါဆရာမသည် အသက် (၁၇) နှစ်သာရှိသေးသည့် သူမ၏ ကျောင်းသားနှင့် လူမှုရေးဖောက်ပြန်မှုဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ကယ်လီသည် New Haven Youth and Family Services မှ ဆရာမတစ်ဦးလည်းဖြစ်ပြီး သူမဖမ်းခံရချိန်၌ Oceanside အထက်တန်းကျောင်းတွင် ဆရာမအဖြစ် လုပ်ကိုင်နေလျက်ရှိသည်။ သူမသည် အိမ်ထောင်ကွဲတစ်ဦးဖြစ်ပြီး သူမ၏ ခင်ပွန်းဟောင်းနှင့်အတူနေစဉ် ကိုယ်ဝန်မရနိုင်သူအဖြစ် မိမိကိုယ်မိမိသတ်မှတ်ထားသူဖြစ်ကြောင်းလည်း သိရသည်။

□□ ဟိန်းထက်လင်း စုစည်းဖော်ပြသည် □□

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သာသနာ့ဗိမာန်၌ ကျင်းပသည့် သာသနာ့ဗိမာန် တည်ဆောက်ရေး အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ စင်ကျုံးကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာ့ဗိမာန် တည်ဆောက်ရန်အတွက် အော်ရီဂျင်နယ်ဂရု ဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ်သိန်း ၆၅၀ နှင့် ဘိလပ်မြေအိတ် ၃၀၀ အတွက် ငွေကျပ် ၁၈ သိန်း၊ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက်က အလှူငွေကျပ်သိန်း ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုလွှတ်တော်နာယက **(အပေါ်ပုံ)**က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

☆ ကျောဖုံးမှ

ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကထံ ဆင်းရဲနွမ်းပါးပညာသင်ဆုငွေပဒေသာပင်အတွက် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မင်းနိုင်က မတည်ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယခုပညာသင်ဆုကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ငွေပဒေသာပင် အုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ကြေးများပေးအပ်ရမည့် ကျောင်းသား ကျောင်းသူများအား အုပ်ချုပ်ရေးအဖွဲ့ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ရွေးချယ်ရာတွင် အလယ်တန်း၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသူဖြစ်ရမည်၊ အစိုးရနှင့် အခြားပညာသင်ထောက်ပံ့ကြေးရရှိသူ မဖြစ်စေရ၊ မိဘမဲ့၊ မိမစုံ ဖမစုံများနှင့် မသန်စွမ်းသူများ ဦးစားပေးရမည်၊ စာမေးပွဲကျရှုံးသူ မဖြစ်စေရ၊ ယခုထောက်ပံ့မှု မရရှိပါက ပညာသင်ကြားမှု ရပ်ဆိုင်းရမည့်သူနှင့် ကျောင်းနေနိုင်သော်လည်း ချို့တဲ့လွန်းသူစသည့်အချက်များဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

## တောင်ပေါ်တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ယခုထက် ပိုမိုကောင်းမွန်တိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်ပေါ်ဒေသ တိုင်းရင်းသားများအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ရွှေကြာပင်ဧည့်ရိပ်သာ၌ တွေ့ဆုံသည်။ **(ယာပုံ)**



ရှေးဦးစွာ ၂၀၁၃ ခုနှစ် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် တောင်ပေါ်ဒေသ တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင်နှင့် ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး တောင်ပေါ်ဒေသ တိုင်းရင်းသားများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံ တောင်ပေါ်ဒေသတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် နေပြည်တော်ကောင်စီက ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်၍ မိမိတို့ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍများတွင် ယခုထက် ပိုမိုကောင်းမွန်တိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ဂမုန်းတောင်၊ သစ်တွန်၊ ပြည်ထောင်ကိုး၊ ဘန့်ဘား၊ ကိုးတစ်၊ အလယ်ချောင်းနှင့် ဘိုးမကျေးရွာအုပ်စုများမှ ဦးစောပီတာ ခေါင်းဆောင်သည့် ဒေသခံတိုင်းရင်းသား ၄၀ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရွှေကြာပင်ဧည့်ရိပ်သာ၌ ၂၀၁၃ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ပါတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၏ တည်းခိုနေထိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုနှုတ်ဆက်သည်။ **(သတင်းစဉ်)**

www.work.com.mm
ကိုအခုပဲဝင်သုံးကြည့်လိုက်ပါ။
အထူးသတင်း
အလုပ်ရှင်နှင့်အလုပ်သမားများအတွက် အခမဲ့ဝန်ဆောင်မှု
Work.com.mm
The Leading Job Site of Myanmar!
Work.com.mm မှတဆင့်အလုပ်ရရှိသွားသူနှင့် အလုပ်ခန့် အပ်သောအလုပ်ရှင်ကို အမှတ်တရလက်ဆောင်များပေးပါမည်။
www.facebook.com/work.com.mm တွင် Like လုပ်ထားခြင်းအားဖြင့် work.com.mm မှအလုပ်နှင့်ပတ် သက်သည့် update information များကို ရယူပါ။
အခန်း ၁၉၀၁၊ ၁၉ လွှာ၊ ဆာကူရာတာဝါ၊ အမှတ် ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း / ၀၁ - ၂၅၅၀၇၈၊ ၀၉ ၄၂၅၀၂၇၅၂၇

◆ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိုးညှင်းခရိုင်အတွင်းရှိ ပြည်သူများ၏အသံကို နားထောင်ပြီး ပြည်သူများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဒေသဆိုင်ရာလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်များဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရသည် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်တွင်လည်း ဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းကျောင်းသည့် အလုပ်ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ထောင်စုလွှတ်တော်တွင် ခေတ်မမီတော့သည့် ဥပဒေအချို့ကို ပယ်ဖျက်ခြင်း၊ အချို့ကို ပြင်ဆင်ခြင်း၊ အချို့ကို အသစ်ပြုပြင်ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ လွှတ်တော်က နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းလိုက်သော ဥပဒေများအတိုင်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဝန်ထမ်းများက ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ အဖွဲ့အစည်းအသီးသီးတို့၏ကိုယ်စား တာဝန်ယူတာဝန်ခံဆောင်ရွက်နေရသောကြောင့် ပြည်သူ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် စေတနာထား၍ ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစီအစဉ်အရ မိုးညှင်းမြို့နယ် ဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများက တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဒေသခံပြည်သူများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဒေသလိုအပ်ချက်များကို သက်ဆိုင်ရာဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိုးညှင်းခရိုင်သည် ယခင်က ဆန်ရိက္ခာ ထုတ်လုပ်မှုမြင့်မားပြီး လူမှုရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရကိုချည်း အားကိုးမနေဘဲ ပြည်သူများအားလုံးက လက်တွဲပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်း၊ မိုးညှင်းခရိုင်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်သည့် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေးတစ်ခုပင်ဖြစ်သောကြောင့် ကျဉ်းမြောင်းသော အယူဝါဒများမထားရှိဘဲ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ လွှတ်တော်အတွင်းတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများမထားရှိဘဲ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းရေး အဓိကထား၍ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများအားလုံး၊ ပြည်သူများအားလုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို အဓိကထား ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန်လည်း လွှတ်တော်က ခေတ်မမီတော့သည့် ဥပဒေအချို့အား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤအချိန်အခါနှင့် အခြေအနေမျိုးတွင် ငြိမ်းချမ်းရေးရရှိနိုင်ရေးကို ပျက်စီးစေနိုင်သော ပြောဆိုမှု၊ ဝေဖန်မှုများကို မလုပ်ဆောင်ဘဲ ကချင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲပြီး ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးရရှိရေးကို နိုင်ငံတော်အစိုးရက လွှတ်တော်တို့နှင့်အတူ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့ရှိ ရွှေကျွန်းသာခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့အဖွဲ့သည် ဤဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်သောကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြရန် ပြောကြားသည်။

ဆက်လက်၍ ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများက တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဒေသခံပြည်သူများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဒေသလိုအပ်ချက်များကို သက်ဆိုင်ရာဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ လွှတ်တော်များနှင့် နိုင်ငံတော်အစိုးရသည်လည်း ပြည်သူ့အသံများကို နားထောင်ပြီး ပြည်သူများ၏ လိုအပ်ချက်နှင့်ဆန္ဒများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလို မိမိတို့အဖွဲ့လာရောက်ချိန်တွင် ဒေသခံပြည်သူများက တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆန္ဒများ၊ ဒေသဆိုင်ရာလိုအပ်ချက်များကို ယုံယုံကြည်ကြည် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဒေသခံပြည်သူများ၏ အခက်အခဲများ၊ ဆန္ဒများ၊ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများအားလုံး တောင့်တနေသော၊ နိုင်ငံတကာက ရရှိစေချင်သော စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းရာတွင်လည်း ဒေသခံပြည်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



# ရေဦးမြို့နယ် နှောကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် နှောကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းအတွင်း ကြည့်ရှုသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးပေးနေသည့် ကာလဖြစ်သည့်အတွက် ပညာရေးတွင် အသုံးပြုသည့် အသုံးစရိတ်ကို ယခင်ကထက် သုံးဆထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ အခြေခံပညာရေးတွင် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းများ၏ အဆင့်အတန်း မြှင့်တင်ပေးခြင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အေဂျင်စီများ၊ ပုဂ္ဂလိက ပညာရှင်များက ဝိုင်းဝန်းဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်၏ ဖွံ့ဖြိုးမှုသည် ယနေ့လူငယ်များ၏ ကြိုးစားအားထုတ်မှုနှင့် အရည်အချင်းရှိမှုအပေါ်တွင် မူတည်နေသည့်အတွက် ကျောင်းသားကျောင်းသူတိုင်း ထူးချွန်ထက်မြက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက ကျောင်းအတွက် ငွေကျပ် ၁၅ သိန်းနှင့် ဒေသခံအလှူရှင်များက ငွေကျပ် ၉၈ သိန်း တစ်သောင်းတန်ဖိုးရှိပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ များအား အမှတ်တရလက်ဆောင်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအား တွေ့ဆုံနှုတ်ဆက်၊ အမှတ်တရလက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း ရွာတော်၌ ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကျင်ခိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ကယားတိုင်းရင်းသူ မသွယ်စုဝင်းက ကျေးဇူးတင်စကားပြောကြားပြီး နာယက ဒေါ်ကျင်ခိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၀၀ | “သံသရာကြောပြတ်ချင် ခေတ်သဘောမြင်အောင်ရှု” တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၆း၄၀ | ၂၀၁၃ ခုနှစ်(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၀း၅၅ | ဟင်းချက်ရအောင် |
| ၂း၃၀ | မြန်မာ-ထိုင်ဝမ် ချစ်ကြည်ရေးအသင်း |
| ၄း၅၅ | (Happy Time Happy Lesson) |
| ၇း၃၀ | ဗီဒီယိုပြခန်း |
| ၈း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “The Sign of Love” (Season-2)(အချစ်သင်္ကေတ) (အပိုင်း-၁၈) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေညင်းလေးရဲ့ပျော်ရွှင်မှု” (အပိုင်း-၁၈) |
| ၁၀း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မေတ္တာမှန်လျှင်”(အပိုင်း-၂၀) |
| ၁း၄၀ | “ကျန်းမာစေသောစိတ်သဘောထား”(ဒေါက်တာခင်မောင်လွင်၊ အကယ်ဒမီငြိမ်းမင်း) |



ပြည်တွင်းရေးရာ

# ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၅၀၀ အထိ ချေးပေးနိုင်အောင် ရည်မှန်းဆောင်ရွက်နေ

**နေပြည်တော်    ဖေဖော်ဝါရီ    ၁၁**

နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်အတွက် သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းသည် အဓိကအရေးကြီးကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခင်က အသေးစားချေးငွေလုပ်ငန်းကို သမဝါယမဝန်ကြီးဌာန၏ သာမန်လုပ်ငန်းစဉ်တစ်ခုအဖြစ်သာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ နိုင်ငံတော်၏ဆင်းရဲမှုလျှော့ချရေးစီမံကိန်းလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နေရကြောင်း၊ ယခင်က ငွေကြေးအဆင်ပြေသလောက်သာ ဒေသကန့်သတ်ချေးငှားခဲ့သော်လည်း ယခုအခါ ကျေးရွာတိုင်းသို့ ရောက်ရှိအောင် ဆောင်ရွက်နေရကြောင်း၊ ယခင်က ကျေးလက်ပြည်သူများ သက်သာချောင်ချိရေးအတွက်သာ ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ကျေးလက်ပြည်သူများအနေဖြင့် ၄/၅နှစ်အတွင်း မိမိဘာသာ ရပ်တည်နိုင်အောင်(Sustainable Development)ဖြစ်အောင်အထိ ရည်မှန်းဆောင်ရွက်နေရကြောင်း၊ ယခင်က ငွေကြေးတတ်နိုင်သလောက်သာ ဆောင်ရွက်ခြင်းဖြစ်သော်လည်း ယခုအခါ ပျမ်းမျှအားဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၅၀၀ အထိ ချေးပေးနိုင်အောင် ရည်မှန်းဆောင်ရွက်နေရကြောင်း၊ ငွေစု ငွေချေးနှင့် စတင်ပြီး ငွေစုငွေချေးတွင် အဆုံးသတ်ရန်မဟုတ်ဘဲ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု စက်မှုလယ်ယာ၊ လယ်ယာသီးနှံအခြေခံ၊ အသေးစားစက်မှုလုပ်ငန်း သမဝါယမများအဖြစ် တက်လှမ်းနိုင်အောင် ဆောင်ရွက်နေရသဖြင့် အရေးကြီးခြင်းဖြစ်ကြောင်းနှင့် ဝိုင်းကြီးချုပ်အဖွဲ့တိုင်းက ချေးငွေကို အလွဲသုံးစားမပြုရေး၊ လုပ်ငန်းတွင် ထိရောက်စွာအသုံးပြုရေးနှင့် သတ်မှတ်ကာလ မှန်ကန်စွာ ပြန်ဆပ်ရေး စသည့် စည်းကမ်း(၃)ရပ်ကို မဖြစ်မနေ လိုက်နာရန်လိုကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းများ အသေးစားချေးငွေပေးအပ်ပွဲအခမ်းအနား၌ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်၊ သမဝါယမအသင်းပေါင်း ၄၅ သင်းမှ အသင်းသား ၈၇၃ ဦးအတွက် ချေးငွေကျပ်သိန်းပေါင်း ၅၄၇၅ ဒသမ ၀၅ ကို ပေးအပ်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၂-၂-၂၀၁၃ (အင်္ဂါနေ့)**

၆း၂၅ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၇း၂၀ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၀ "တို့ခြံထဲမှာ ခုတော့ဖြင့် ပျော်စရာ"(ရဲအောင်၊ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို) (ဒါရိုက်တာ- အေဝမ်းမောင်လှမျိုး)
၈း၄၅ ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ် (ဆိုင်းအဖွဲ့ဖျော်ဖြေခန်း)
၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄း၅၅ နားဆင်ခံစား တိုင်းရင်းသားတေးသံများ
၅း၂၅ မေ့၍မရသော ပြည်ထောင်စုသီချင်းများ
၅း၃၅ SEA GAMES (Go For Gold) (တင်းနစ်)
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ ချစ်သမီး" (ဒုတိယတွဲ)(အပိုင်း-၁၉) -ချိုမြိန်ရသာ မုန့်ကမ္ဘာ -"တိုင်းရင်းသားများ ရိုင်းပင်းထား တွဲလက်ညီညီ တည်ထောင်ပြု ဒီမိုကရေစီ ပြည်ထောင်စု" -(၂၀၁၃) ခုနှစ်၊ (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဖျော်ဖြေတင်ဆက်မှု အစီအစဉ် အိန္ဒိယရုပ်ရှင် " ဝိညာဉ်ရိုက်သံ " (အပိုင်း-၂) (ဇာတ်သိမ်း)






# မြန်မာ့သစ်များ တရားဝင်ဖြစ်ကြောင်း အာမခံပေးနိုင်သည့်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန်    ဖေဖော်ဝါရီ    ၁၁**

၂၀၁၃ ခုနှစ် မတ် ၃ ရက်မှ စတင်၍ မြန်မာနိုင်ငံမှ ထုတ်လုပ်ထွက်ရှိသည့် သစ်လုံးနှင့်သစ်အချောထည်ပစ္စည်းများသည် တရားဝင်သစ်(Legal Timber) ဖြစ်မှသာ ဥရောပနိုင်ငံများသို့ တင်ပို့ခွင့်ရှိမည်ဖြစ်၍ Myanmar Timber Legality Assurance System အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏သစ်တောများ ထာဝစဉ်တည်တံ့ရေးအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန်နှင့် မြန်မာ့သစ်များ တရားဝင်ဖြစ်ကြောင်း အာမခံပေးနိုင်သည့်စနစ် Myanmar Timber Legality Assurance System ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အနောက်ကြို့ကုန်းရှိ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း**(အပေါ်ပုံ)**တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများက အသိအမှတ်ပြုလက်ခံခဲ့ပြီး သဘာဝသစ်တောများ ထိန်းသိမ်းရေးနှင့် သစ်နှင့်အချောထည်များတင်သွင်းခွင့်ကို ပြန်လည်ဖွင့်ပေးခဲ့ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံမှ သစ်နှင့်အချောထည်များ အနောက်နိုင်ငံများ အထူးသဖြင့် EU ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် Timber Legality Assurance System-TLAS ကို အကောင်အထည်ဖော်ကျင့်သုံးရန်လိုအပ်နေပါကြောင်း။

TLAS ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန် မိမိတို့နိုင်ငံ၌ ဥပဒေသများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ရှိပြီးဖြစ်သကဲ့သို့ ယင်းတို့အတိုင်း လိုက်နာဆောင်ရွက်ခဲ့သည့် သစ်ထုတ်ရေးနှင့် Down Stream Process အတွေ့အကြုံနှစ်ပေါင်းများစွာရှိပြီဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် Myanmar Timber Certification Scheme အပင်လောင်းကို ပျိုးထောင်စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်ကြီးထွားရှင်သန်ဖွံ့ဖြိုးရန် မြန်မာနိုင်ငံ သစ်ထောက်ခံချက်ပြုရေးကော်မတီအဖွဲ့ဝင်များအဆိုပြုခြင်း၊ Executive Director နှင့် ရုံးအဖွဲ့၊ Certifying Body များပေါ်ထွန်းလာရေးတို့ကို မိမိတို့အားလုံး ဝိုင်းဝန်းစဉ်းစားခဲ့ကြပါကြောင်း၊ ဆက်လက်ပြီး ယခုနှစ်ဇန်နဝါရီလတွင် မြန်မာနိုင်ငံသစ်ထောက်ခံချက်ပြုရေးကော်မတီအဖွဲ့ဝင်အမည်များကို ညှိနှိုင်းအဆိုပြုနိုင်ခဲ့ပြီး ကော်မတီဖွဲ့စည်းခွင့်ကို နိုင်ငံတော်အစိုးရထံတင်ပြရန်နှင့် သစ်ထောက်ခံချက်လုပ်ငန်းစဉ်များကို အဆင့်ဆင့်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအခါအဖွဲ့ဝင် ၁၇ ဦးဖြင့် မြန်မာနိုင်ငံသစ်ထောက်ခံချက်ပြုရေးကော်မတီကို ဖွဲ့စည်းခွင့်ပြုရန် နိုင်ငံတော်အစိုးရထံ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ Executive Director နှင့် ရုံးအဖွဲ့ကို ခန့်ထားနိုင်ရေး၊ Independent Certifying Body များဖွဲ့စည်းနိုင်ရေး၊ သစ်ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းအပါအဝင် Chain of Custody- CoC စသည့် Legal Timber ဖြစ်ကြောင်း Auditing ပြုလုပ်နိုင်ရန် Partner Organization များဖြစ်သော NGO၊ သစ်လုပ်ငန်းရှင်များ၊ အငြိမ်းစားသစ်တောပညာရှင်များ၊ သစ်တင်သွင်းမည့် နိုင်ငံများကအစ နောက်ဆုံး ပြည်သူလူထုအထိ ထင်သာမြင်သာရှိအောင် စနစ်တကျ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီလမှစပြီး သစ်အလုံးလိုက် နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း မပြုတော့သည့် မဟာဗျူဟာမြောက် (Log Export Ban) မူဝါဒအသစ်မှာလည်း TLAS ကို အကောင်အထည်ဖော်နိုင်ရန် အခွင့်လမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ မကြာသေးမီက EU Delegation အဖွဲ့တစ်ဖွဲ့ ဝန်ကြီးဌာနသို့ ရောက်ရှိလာပြီး EU Timber Regulation ကို မိမိတို့ဝန်ကြီးဌာန၏ TLAS ချိတ်ဆက်ပြီး မြန်မာနိုင်ငံမှ Certified Timber ကို EU ဈေးကွက်တင်ပို့ရေး ဆွေးနွေးခဲ့ပါကြောင်း၊ EUTR လိုအပ်ချက်များနှင့် ကိုက်ညီအောင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနှင့် EU တို့ ပူးပေါင်းပြီး Timber Certification Training Workshop ကို မကြာမီကျင်းပရန် အစီအစဉ်ရှိကြောင်းသိရသည့်အတွက် ဝမ်းသာပါကြောင်းနှင့် ယင်း Workshop ကိုလည်း ကြိုဆိုပါကြောင်း၊ အလားတူ သစ်နှင့်ပတ်သက်သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံရှိ သစ်တောများ ထိန်းသိမ်းရေး အထောက်အကူပြုရန်လည်းကောင်း၊ သစ်အခြေခံလုပ်ငန်းများ ဖွံ့ဖြိုးရန်လည်းကောင်း၊ TLAS လုပ်ငန်းစဉ်များမှာ ပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း အားတက်သရော လာရောက်ဆွေးနွေးကမ်းလှမ်းလျက်ရှိကြောင်း အလျဉ်းသင့်တုန်း သတင်းကောင်းပါးအပ်ပါကြောင်း။

Timber Certification သည် မိမိတို့၏ ရေမြေ၊ တောတောင်၊ သဘာဝနှင့် Forest Estate အားလုံး ထာဝစဉ် တည်မြဲရေး၊ ရာသီဥတုပြောင်းလဲမှုမှ သက်သာရေး၊ ကျေးလက်နေပြည်သူလူထု လူမှုဘဝသာယာဝပြောရေးအတွက် အသက်သွေးကြောတမျှ အရေးကြီးပါကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သစ်ထောက်ခံချက်ပြုရေး ကော်မတီအဖွဲ့ဝင်များ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသစ်တောပညာရှင်အဖွဲ့မှ အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာ့သစ်များ တရားဝင်ဖြစ်ကြောင်း အာမခံပေးနိုင်သည့် စနစ်ဆိုင်ရာ စာတမ်းငါးစောင် ဖတ်ကြားတင်ပြရာ ဆွေးနွေးပွဲတက်ရောက်သူများက မေးမြန်းဆွေးနွေးကြသည်။ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး အုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုပြီး မြန်မာ့သစ်နှင့် သစ်အခြေခံပစ္စည်းများ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ရန် နိုင်ငံတကာမှ သတ်မှတ်ထားသည့် တရားဝင်သစ်ဖြစ်ကြောင်း "စံချိန် စံညွှန်း" များအတိုင်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **(သတင်းစဉ်)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁ - ၂ - ၂၀၁၃

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၅၉. ၀၀၀ | ၀. ၀၀၁၁၆ |
| ထိုင်း (ဘတ်) | ၂၉. ၈၃၀၂ | ၀. ၀၃၃၅၂ |
| တရုတ် (ယွမ်) | ၆. ၂၃၃၈၅ | ၀. ၁၆၀၄၁ |
| အိန္ဒိယ(ရူပီး) | ၅၃. ၆၄၇၅ | ၀. ၀၁၈၆၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၉၈၅၀ | ၀. ၃၂၂၇၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၃၉၄၀ | ၀. ၈၀၆၈၄ |
| ဂျပန် (ယန်း) | ၉၃. ၀၃၇၅ | ၀. ၀၁၀၇၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၉၃. ၁၈ | ၀. ၀၀၀၉၁ |
| ယူရို | ၀. ၇၄၇၁၄ | ၁. ၃၃၈၄၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၆၂၄ | ၁. ၅၇၁၇၂ |

# MNL ကလပ်အသင်းများနှင့် ခြေစမ်းရန် တယ်ရိုဆာဆနာအသင်း ရောက်ရှိ

**ရန်ကုန်    ဖေဖော်ဝါရီ    ၁၁**

MNL ကလပ်အသင်းများနှင့် ခြေစမ်းကစားရန်အတွက် ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီတယ်ရိုဆာဆနာအသင်းသည် ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံမှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

တယ်ရိုဆာဆနာ အသင်းတွင် အုပ်ချုပ်နည်းပြ ၁၅ ဦး၊ ကစားသမား ၂၄ ဦး ဖြင့် စုစုပေါင်း ၃၉ ဦး လိုက်ပါလာပြီး ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းတွင်ပင် မန္တလေးမြို့ရှိ ဗထူးကွင်းတွင် လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့သည်။ တယ်ရိုဆာဆနာအသင်းသည် မန္တလေးမြို့ခံအသင်းဖြစ်သည့် ရတနာပုံအသင်းနှင့် စတင်ကစားမည်ဖြစ်သောကြောင့် မန္တလေးမြို့သို့ တိုက်ရိုက်လာရောက်ခဲ့ခြင်းဖြစ်သည်။ ဘီအီးစီတယ်ရိုဆာဆနာအသင်းသည် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲတွင် MNL ကလပ်အသင်းများ၌ AFC challenge cup ခြေစစ်ပွဲအတွက် ရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင်ကစားသမားများကို ပါဝင်ကစားခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ တယ်ရိုဆာဆနာအသင်းသည် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းက လာရောက်ကစားခဲ့သော ခြေစမ်းပွဲများတွင် ဧရာဝတီ၊ ရတနာပုံနှင့် ရန်ကုန်တို့ သုံးသင်းစလုံးကို အနိုင်ကစားထားရာ ယခုခြေစမ်းပွဲများတွင် MNL ကလပ်အသင်းများအနေဖြင့် ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။



**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

# ဥမကွဲသိုက်မပျက် ရှေ့သို့ဆက် ပေါင်းဖက်ချစ်ကြည် ပြည်သစ်တည်

**ပန်းတောင်းသန်းကြွယ်**

မြန်မာနိုင်ငံသည် ရှေးအတီတေကာလမှစ၍ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်တည်းဟူသော မြစ်ကြီးလေးစင်း၏ ရင်ခွင်၌မှီခိုကာ မြေဆီသြဇာ၊ သယံဇာတကြွယ်ဝလှသည့် နယ်မြေကိုအခြေပြုလျက် ဘိုးစဉ်ဘောင်ဆက် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်လာခဲ့ကြသည့် တစ်အူထုံ့ဆင်း သွေးချင်းများ၏ အမျိုးသားနိုင်ငံကြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ယနေ့ဖြစ်တည်နေသည့် ဘူမိနက်သန်နယ်မြေကြီးအတွင်းတွင် လွန်ခဲ့သောနှစ် သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ပွားစီးခဲ့ပြီး မြန်မာအဖြစ် သမိုင်းအစဉ်အဆက် ဆင့်ပွားတိုးတက်ဖြစ်ထွန်းလာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးစုများအတွင်း သုခ၊ ဒုက္ခအပေါင်းကို အေးအတူပူအမျှ ဝေမျှခံစားလျက်ခွဲခြားမရသည့် မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်။ ထိုအစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော "မြန်မာ"အဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ မြန်မာတို့သည် မြန်ဆန်သန်မာသူများဖြစ်၍ အရေးအရာကြုံကြိုက်လာပါက တင်းမာခက်ထန်စွာ လျင်လျင်မြန်မြန် တုံ့ပြန်တတ်သူများ ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစုများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့ကြပြီး ပြည်ပရန်စွယ် အသွယ်သွယ်တို့ကို လက်တွဲတွန်းလှန်တိုက်ဖျက်နိုင်ခဲ့သဖြင့်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်" တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားလှသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ပြည်ထောင်စုကြီးကို နိုင်ငံတကာအလယ်ကွာဟစေရန်၊ တိုင်းရင်းသားအချင်းချင်း သံသယပွား၍ စိတ်ဝမ်းကွဲပြားလာစေရန် ရည်ရွယ်ချက်ရှိရှိ စီမံဆောင်ရွက်ခဲ့ကြသည်။

ပထဝီဝင်အနေအထားအရကြည့်လျှင် မြန်မာနိုင်ငံသည် တောင်နှင့်မြောက်ရှည်လျားပြီး လက်တက်သဖွယ်ချွန်ထွက်နေသော နေရာဒေသများလည်းရှိသဖြင့် တစုတစည်းတည်းရှိမှုတွင် အတန်ငယ်အားနည်းသည်။ မြေမျက်နှာသွင်ပြင်အရ မြစ်ဝှမ်းလွင်ပြင်များ၌ ပြန့်ပြူးပြီး လွင်ပြင်များပတ်လည်၌ ရိုးမတောင်တန်းကြီးများက သဘာဝအတားအဆီးသဖွယ်တည်ရှိနေသည်။ ဆက်သွယ်သွားလာမှုခက်ခဲသော တောင်ပေါ်ဒေသနှင့် သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူသော မြေပြန့်ဒေသတို့တွင် အသီးသီးနေထိုင်ကြသူ တိုင်းရင်းသားများအကြား၌ အဆက်အစပ်နည်းကာ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကွာဟစေရန် သဘာဝကဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။

ဤသို့သော သဘာဝအလျောက် အားနည်းမှုကို နယ်ချဲ့ကိုလိုနီတို့က လိမ္မာပါးနပ်စွာ ကောက်ကျစ်သည့်စိတ်ထားဖြင့် အသုံးချကာ တောင်ပေါ်နှင့် မြေပြန့်ဒေသတို့အကြား သွေးခွဲအုပ်ချုပ်မှုကို ပြုလုပ်ခဲ့သည်။ ပြည်မဒေသနှင့် ဇယားဝင်ဒေသများဟူ၍ နယ်မြေများကို သတ်မှတ်ပြီး ကွဲပြားသောအုပ်ချုပ်မှုစနစ်များကို ဖန်တီးခဲ့သည်။ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသတို့အကြား ဆက်ဆံကူးလူးယှက်နွယ်မှုများကိုလည်း ဥပဒေအမျိုးမျိုးထုတ်ပြန်၍ ကန့်သတ်ပိတ်ပင်တားမြစ်ခဲ့သည်။

ထို့ပြင် တိုင်းရင်းသားအချင်းချင်း သွေးခွဲစည်းရုံးသည့် လုပ်ရပ်များကိုလည်း ပြုလုပ်ခဲ့သည်။ တောင်ပေါ်တိုင်းရင်းသားများကို လက်နက်ကိုင်တပ်များဖွဲ့ပြီး မြေပြန့်တိုင်းရင်းသားတို့၏ ဆန့်ကျင်တော်လှန်မှုများကို ချေမှုန်းရာ၌အသုံးချခဲ့သည်။ တိုင်းရင်းသားများကို နယ်ချဲ့အုပ်စိုးသူတို့က စည်းရုံးသိမ်းသွင်းကာ ယင်းတို့၏သက်ရှိခံတပ်တံတိုင်းများအဖြစ် ဖန်တီးအသုံးချခဲ့သည်။ ယင်းကိုလိုနီနယ်ချဲ့အမွေဆိုးကြီးသည် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်း၊ ပြည်ထောင်စုကြီး ပြိုကွဲလုအခြေအနေသို့ သုံးကြိမ်တိုင်တိုင်ရောက်ရှိခဲ့ရခြင်းအပါအဝင် ကိုလိုနီနယ်ချဲ့တို့ ဖန်တီးခဲ့သည့် သမိုင်းကြောင်းဆိုးမွေများကို ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားကို တစ်မျိုးသားလုံး ညီညာဖြိုဖြိုဖော်ထုတ်ပြသခဲ့ကြသည့် ပင်လုံညီလာခံကြီးနှင့် ပင်လုံစာချုပ်တို့ ပေါ်ထွန်း

> **နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုသာလျှင် အခြားသော နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ပီပြင်ကျနစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအားထုတ်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသော အမျိုးသားရေးလုပ်ငန်းကြီးပင်ဖြစ်သည်။**

တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ်ရပ်တည် စေနိုင်ရအောင် အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များအဖြစ် ထင်ရှားစွာတွေ့ရှိရသည်။

မြန်မာတို့သည် တိုင်းတစ်ပါးသားတို့ ခံ့ညားလေးစားရသော မြို့ပြနိုင်ငံများအဖြစ် ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဝေသာလီ၊ ဓညဝတီ၊ ကုန်းဘောင် စသည်တို့ကို တည်ထောင်၍ နေထိုင်ခဲ့ကြသည်။ ကိုယ့်မင်းကိုယ့်ချင်း ပဒေသရာဇ်မြို့ပြနိုင်ငံများကို စုစည်း၍ ပုဂံပြည့်ရှင် အနော်ရထာမင်းက ပထမမြန်မာနိုင်ငံတော်ကို လည်းကောင်း၊ ဘုရင့်နောင်မင်းတရားက ဒုတိယမြန်မာနိုင်ငံတော်ကို လည်းကောင်း၊ အလောင်းမင်းတရားဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း စည်းရုံးတည်ထောင်နိုင်ခဲ့ကြသည်။

နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် မျိုးရိုးဂုဏ်ရှိန်ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေဝုစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်၍မရနိုင်သော သမိုင်းပေးသင်ခန်းစာပင်ဖြစ်သည်။

သူ့ကျွန်ဘဝတွင်ကိုလိုနီနယ်ချဲ့တို့က ပြည်ထောင်စုကြီးကို အစိတ်စိတ်အမြွှာမြွှာစိတ်ပိုင်းကာ ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း ပေါင်းစည်းယှက်နွယ် သံယောဇဉ်တွယ်လျက်ရှိသည့် အနေအထားကို ပျက်ပြားအောင် သွေးခွဲအုပ်ချုပ်ခဲ့သည်။ နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုလာခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး သန္ဓေတည်မွေးဖွားရာ "ပြည်ထောင်စုနေ့" အဖြစ် အထွတ်အမြတ်ထားကာ သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုနေ့သည် လွန်စွာလေးနက်သော အမျိုးသားရေးအဓိပ္ပာယ်ဖြင့် ပြည့်လျှမ်းလျက်ရှိသည့် နေ့ထူးနေ့မြတ်ဖြစ်သည်ကို တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက အစဉ်အမြဲအောက်မေ့သတိရနေကြရမည် ဖြစ်သည်။

ထို့အတူပင် ပြည်ထောင်စုနေ့ကြီး ပေါ်ပေါက်လာအောင် အခြေပြုစတင်ရာဖြစ်သော ပင်လုံညီလာခံကြီးကို ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွသော တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးများကိုလည်း အစဉ်အောက်မေ့သတိရဦးညွတ်နေကြရမည် ဖြစ်ပေ၏။

ထို့ကြောင့်ပင် ပြည်သူတို့၏ မဲဆန္ဒဖြင့် တက်ရောက်လာခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် သမိုင်းကြောင်းသင်ခန်းစာများကို ရယူလျက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးမူဝါဒကို ခံယူချမှတ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် အားထုတ်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ လက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့အနက် KIO/KIA အဖွဲ့မှလွဲ၍ ကျန်အဖွဲ့ (၁၀)ဖွဲ့ဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (Political Dialogue)ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့် KIO/KIA အဖွဲ့ကိုလည်း ငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပဋိပက္ခကို အပစ်အခတ်ရပ်စဲထားသည့် အဆင့်ထက်ကျော်လွန်၍ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်ရန် ကြိုးစားအားထုတ်လျက်ရှိရာ မကြာမီရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေးမျိုးကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ ဆန္ဒနှင့်အညီ စွမ်းဆောင်ဖော်ထုတ်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုသာလျှင် အခြားသော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ပီပြင်ကျနစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းအားထုတ်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသော အမျိုးသားရေးလုပ်ငန်းကြီးပင် ဖြစ်သည်။

ယနေ့ ကြုံတွေ့နေရသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် အမျိုးသားစီးပွားပုံစံ မကျမှုများ၊ မြန်မာတို့၏ စရိုက်လက္ခဏာနှင့် ကိုက်ညီမှုမရှိသော စီးပွားရေးစနစ်များကို ပြင်ဆင်ဖြေရှင်းနိုင်ရန် "စီးပွားရေးနှင့် လူမှုရေးပြောင်းလဲမှု မူဘောင်" နှင့် "ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဘောင်" စသည့် မူဘောင်နှစ်ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပီပြင်ကျနစေရန် "မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်များ" ကျင်းပကာ ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အေဂျင်စီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကာလရှည်ကြာစွာ အဟန့်အတားဖြစ်စေခဲ့သော နိုင်ငံတကာပိတ်ဆို့မှုများ ဖြေလျှော့ရုပ်သိမ်းနိုင်ရန်ကိုလည်း နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများအား အခြားနိုင်ငံများကို အမီလိုက်နိုင်ရန်အတွက် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်မှုလုပ်ငန်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများကို တစ်ခုပြီးမှ တစ်ခု လုပ်ဆောင်ရန် အခြေအနေမပေးသောကြောင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းအကောင်အထည်ဖော်သွားရမည်ဖြစ်ရာ လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖ၊ မြို့မိမြို့ဖများ အပါအဝင် တိုင်းရင်းသားပြည်သူအပေါင်းသည် အမျိုးသားရေးတာဝန်အဖြစ် ကျရာကဏ္ဍမှအားသွန်ခွန်စိုက် ပါဝင်ကြရမည်ဖြစ်သည်။

ခြုံ၍ဆိုရသော် နိုင်ငံတော်၏ မျက်နှာစာပုံရိပ်သည် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါလျက်ရှိ၏။ " အိမ်သာ၍ ဧည့်လာ" ဆိုသကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် အရေးကြီးပုဂ္ဂိုလ်များ၊ စီးပွားရေး၊ နိုင်ငံရေးပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည့် စီးပွားရေး လုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များ စသည်ဖြင့် နေ့စဉ်ဝင်လာမစဲ တသဲသဲဖြစ်နေ၏။ ကမ္ဘာ့ကုလသဂ္ဂအဖွဲ့ကြီးနှင့် ယင်း၏လက်အောက်ရှိ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများ၊ အခြားသော INGO အဖွဲ့အစည်းများ၊ ကမ္ဘာ့အလှူရှင်အဖွဲ့အစည်းများ စသည်တို့နှင့်လည်း ရင်းနှီးပွင့်လင်းစွာ ဆက်ဆံကာ အကူအညီအထောက်အပံ့များ ရယူ၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်နေပြီဖြစ်ရာ မျက်မှောက်ကာလသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောက်ရွက်ရန် အကောင်းဆုံးအချိန်ပင်ဖြစ်သည်။

အရေးကြီးသည်မှာ တိုင်းရင်းသားများအားလုံး ဥမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူ၍ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် တိုင်းရင်းသားများအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ခြင်းတို့ဖြင့် ပူးပေါင်းပါဝင်သင့်လှပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။




THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, atten[...]
Executive Council of the Governor of Burma, all Sa[...]
Shan States, the Kachin Hills and the Chin Hills [...]

The Members of the Conference, believing that fre[...]
achieved by the Shans, the Kachins and the Chins by [...]
with the Interim Burmese Government.

The Members of the Conference have accordingly, a[...]
as follows :-

1. A Representative of the Hill Peoples, selected [...]
tion of representatives of the Supreme Council of th[...]
shall be appointed a Counsellor to the Governor to d[...]

2. The said Counsellor shall also be appointed a [...]
Council, without portfolio, and the subject of Fronti[...]
of the Executive Council by Constitutional Conventio[...]
External Affairs. The Counsellor for Frontier Areas [...]
by similar means.

3. The said Counsellor shall be assisted by two D[...]
of which he is not a member. While the two Deputy C[...]
instance with the affairs of their respective areas [...]
remaining parts of the Frontier areas, they should b[...]
the principle of joint responsibility.

4. While the Counsellor, in his capacity of Member[...]
the only representative of the Frontier Areas on the [...]
shall be entitled to attend meetings of the Council [...]
Frontier Areas are discussed.

5. Though the Governor's Executive Council will b[...]
not operate in respect of the Frontier Areas in any [...]
portion of these Areas of the autonomy which it now [...]
Full autonomy in internal administration for the Fro[...]

## ပင်လုံ[...]

ရှေးမြန်မာမင်းများ စစ်ချီတော့မည်ဆိုလျှင[...]
ညီညွတ်ရေး အောင်မြေကိုနင်းခဲ့ရပါသည်။ ယင်းအော[...]
၁၉၆၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ[...]
(ဒေသအခေါ် စာချုပ်ကျောက်တိုင်)အား သွားရော[...]

ပင်လုံစာချုပ်ကျောက်တိုင်အား အလေးပြ[...]
တွင် "ပြည်နယ်ပြည်မ ပူးပေါင်းရေးစာချုပ်ကျော[...]
ပင်လုံစာချုပ်ပါ ရှမ်းကော်မတီတွင် ကိုယ်စားလှယ် [...]
မြန်မာအစိုးရ ကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင[...]

မြန်မာ့လွတ်လပ်ရေးကို ရယူခဲ့ရသည်မှာ [...]
မြန်မာနိုင်ငံအတွက် အဓိကအရေးကြီးသော အချက်[...]
အာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေ[...]
လှမ်းနိုင်ဖို့အတွက် ပင်လုံမြေတွင် လွန်ခဲ့သောနှစ်[...]
တစ်ရပ်လုံးကလည်း သွေးစည်းညီညွတ်ကြဖို့လိုပါ[...]

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ[...]



# တတ်အားသုံးစွဲမှုများ ကွင်းဆင်းစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်စိန်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးနှင့် လျှပ်စစ်ဝန်ထမ်းများက သရက်မြို့တွင်း unit losses လျော့နည်းရေး၊ဝင်ငွေတိုးတက်ရရှိရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်ရေးတို့အတွက် မီတာများ ကွင်းဆင်းစစ်ဆေးခြင်း၊ မီတာယူနစ်များ မှန်မှန်ကန်ကန်ဖတ်ရှုမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ Terminal seal / Box seal မရှိသောမီတာများအား ဆီးလ်ခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုအောင်(သရက်)**



# ရေသန့်ဘူးဈေးလျှော့၍ ဈေးကွက်ချဲ့ထွင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

ဆောင်းတွင်းကာလတွင် အရောင်းအဝယ်အေးစက်နေခဲ့ရာမှ ယခုအခါ နွေရာသီရောက်တော့မည်ဖြစ်၍ သောက်ရေသန့်ထုတ်လုပ်ရောင်းချသူများက ရပ်ကွက်အနှံ့ဈေးကွက်ရှာဖွေမှုနှင့် ဖောက်သည်သစ်များထံ ရောင်းအားမြင့်တင်ရန် ဆွဲဆောင်မှုများကို အပြိုင်အဆိုင်ဆောင်ရွက်လာကြသည်။

ယခင်က စစ်ကိုင်းမြို့တွင်း အိမ်အရောက်ပို့ (Door To Door) စနစ်ဖြင့် လိုက်လံပို့ဆောင်ရောင်းချရာတွင် ၂၀ လီတာဝင် ရေသန့်ဘူးကြီးတစ်ဘူးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချခဲ့ကြသည်။ ရေသန့်ဘူးခွံတစ်လုံးကို ကျပ် ၄၅၀၀ နှုန်းဖြင့် ဝယ်ယူသိုလှောင်အသုံးပြုခဲ့ကြရကြောင်း သိရသည်။ ယခင်က စစ်ကိုင်းစက်မှုဇုန် ရေသန့်စက်ရုံများမှ ထုတ်လုပ်ရောင်းချသည့် ရေသန့်ဘူးများကိုသာ ဝယ်ယူသောက်သုံးခဲ့ကြရသော်လည်း ယခုအခါ တစ်ပိုင်တစ်နိုင် ရေသန့်စက်ရုံငယ်များ ပေါ်ပေါက်လာသဖြင့် ရေသန့်ဘူးဈေးနှုန်းများကိုလည်း အပြိုင်အဆိုင် လျှော့ချရောင်းချလာသည်ကို တွေ့ရသည်။ ယခုအခါ စစ်ကိုင်းမြို့ထုတ် ရေသန့်စက်ရုံတစ်ခုက ၂၀ လီတာ ရေသန့်ဘူးကြီးတစ်ဘူးလျှင် ကျပ်၃၅၀ နှုန်းဖြင့် အိမ်အရောက်ပို့ကာ ရောင်းချပေးရုံမျှမက ရေသန့်တည်ဘူးခွံ အခမဲ့ငှား စနစ်ဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ရေသန့်ဘူးရောင်းတဲ့သူတွေ အပြိုင်အဆိုင်ပေါ်လာတာ ကောင်းပါတယ်။ ဘာပဲပြောပြော အခုဆိုရင် ဈေးနှုန်းသိသိသာသာ လျော့ကျသွားတယ်။ အရင်က ဆိုင်ကိုသွားဝယ်ရင် ၂၀ လီတာတစ်ဘူး ၄၀၀ ပေးရတယ်။ အိမ်အရောက်ပို့ဆိုရင် ၅၀၀ ပေးပြီး ဝယ်သောက်နေကြရတာ။ စစ်ကိုင်းမြို့မှာက သောက်ရေဆိုရင် ဧရာဝတီမြစ်ရေကို အဓိကထားပြီး သောက်ကြရတာ။ သုံးရေချိုးရေကိုတော့ အဝီစိတွင်းရေ၊ ဘုံပိုင်ရေကို သုံးကြရတယ်။ အဝီစိတွင်းရေတွေက ထုံးဓာတ်များလို့ သောက်တဲ့သူနည်းတယ်။ ရပ်ကွက်ရေပေးဝေရေးတွေက မြစ်ရေဖြန့်ဝေပေးလို့ မြစ်ရေကို သောက်တဲ့သူတွေများတယ်။ မြစ်ရေပေးဝေရေးမရောက်တဲ့ ရပ်ကွက်တွေက ရေစည်ကားမှာပြီး ဝယ်သုံးကြရတာ။ အခုတော့ ကျန်းမာရေးအမြင်ရှိတဲ့သူတွေ တဖြည်းဖြည်းများလာတော့ ရေသန့်ဘူးဝယ်သောက်သူတွေ များလာတယ်။ စစ်ကိုင်းမှာက ရေသန့်ဘူးဈေးကွက်က မသေးငယ်လှဘူး။ အပြိုင်အဆိုင်ဈေးကွက်ရှာလို့ပဲ ဖြစ်ဖြစ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်အရ တွက်ခြေကိုက်လို့ပဲဖြစ်ဖြစ် မျှမျှတတဖြစ်အောင် ဈေးနှုန်းလျှော့ချသတ်မှတ်ရောင်းချပေးတာကို ကြိုဆိုပါတယ်။ မုံရွာမြို့မှာဆိုရင် ၂၀ လီတာ ရေသန့်ဘူးကြီးတစ်ဘူးကို ၂၅၀ နဲ့တောင် အိမ်အရောက်ပို့စနစ်နဲ့ ရောင်းပေးနေတယ်လို့ ကြားရတယ်။ မုံရွာဈေးနဲ့ဆိုရင် သောက်သုံးသူတွေ ပိုအဆင်ပြေတာပေါ့။ နွေရောက်ရင် ရောင်းအားတွေ ပိုပြီး တက်လာတော့မှာ" ဟု စစ်ကိုင်းမြို့နေ ပြည်သူတစ်ဦးက ပြောပြသည်။

**(နန္ဒာမင်းလွင်)**

# ပိတောက်ရွှေဝါ ကတ္တရာလမ်းသစ်ဖွင့်

**ကသာ ဖေဖော်ဝါရီ ၁၁**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကသာမြို့ အမှတ်(၇)ရပ်ကွက် ပိတောက်ရွှေဝါ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ မြို့မိမြို့ဖ ဦးခင်မောင်တင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်လေးတို့က ပိတောက်ရွှေဝါ ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ပိတောက်ရွှေဝါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၀၀၀ နှင့် အကျယ် ၁၂ ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၂ ဒသမ ၅၀ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ သုံးသိန်းဖြင့် စုစုပေါင်း ကုန်ကျငွေကျပ် ၆၅ ဒသမ ၅၀ သိန်း အကုန်အကျခံကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ကသာပြန်/ဆက်)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက်မမေ့နှင့်

# စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၁၁**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး လူတိုင်းလိုက်၍မမီနိုင်သည့် မီဒီယာခေတ်ကြီးတွင် လူတိုင်းစာဖတ်သည့် အလေ့အကျင့်ရရှိစေရေးနှင့် စာဖတ်ချိန် မြှင့်တင်ရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်နံနက် ၉ နာရီတွင် ပေါင်မြို့နယ် ရင်းငြိမ် မြောက်ကျေးရွာအုပ်စု သပြုချောင်းကျေးရွာ အလက(မင်းတန်း)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များပြောကြားပြီး ပေါင်မြို့နယ် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမောင်မောင်လွင်က အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပေါင်မြို့နယ် စာရေးဆရာအသင်းမှ ဆရာ ဦးစိုးအောင် လင်းလက်(ပေါင်)က စာဖတ်ကြပါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြကြောင်း သိရသည်။

**(မိချို)**



# ယခုနှစ် သီချင်းအယ်လ်ဘမ်အသစ်ထွက်ရှိမည့် အမေရိကန်ဟစ်ဟော့ပ်အဆိုတော် အမ်မီနမ်



ဇေယျာလင်း

အမေရိကန်ဟစ်ဟော့ပ်အဆိုတော် အမ်မီနမ် **(ဝဲပုံ)** သည် ယခုနှစ်အတွင်း သီချင်းခွေအယ်လ်ဘမ်အသစ် ထွက်ရှိမည်ဖြစ်သည်။

အမ်မီနမ်၏မန်နေဂျာက ၂၀၁၃ ခုနှစ်အတွင်း အမ်မီနမ်၏ သီချင်းအယ်လ်ဘမ်အသစ် ဖြန့်ချိရန် အပြည့်အဝ မျှော်လင့်ထားကြောင်း၊ အမ်မီနမ်သည် အခြားအစီအစဉ်များ အတွက် အလုပ်လုပ်နေရကြောင်း ပြောကြားသည်။

ယင်းအယ်လ်ဘမ်အသစ်ကို မေ ၂၇ ရက်နောက်ပိုင်းတွင် ဖြန့်ချိသွားဖွယ်ရှိကြောင်း၊ ဩဂုတ်လတွင် ဥရောပ၌ ဖျော်ဖြေရေးအစီအစဉ်များအတွက် အချို့ကမ်းလှမ်းမှုများကို ၎င်းတို့ ငြင်းဆိုထားရကြောင်း အမ်မီနမ်၏ စီစဉ်ထုတ်လုပ်သူက ထပ်လောင်းပြောကြားသည်။

ဟစ်ဟော့ပ်အဆိုတော် အမ်မီနမ်သည် ယခုနှစ်အတွင်း အင်္ဂလန်၌ နှစ်စဉ်ကျင်းပသည့် ရီးဒင်းနှင့် လိဒ်ဂီတပွဲတော်၌ ဖျော်ဖြေတင်ဆက်လိမ့်မည်ဖြစ်ကြောင်း မကြာသေးမီက သတင်းများ ထွက်ပေါ်ခဲ့သည်။

ယင်းဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့်အခြား ခေတ်ပေါ်တေးဂီတအဖွဲ့များမှာ Biffy Clyro နှင့် မကြာသေးမီက ပြန်လည်ဖွဲ့စည်းထားသည့် Fall Out Boy တို့ ဖြစ်ကြသည်။

# တေလာဆွတ်ဖ်၊ ရီဟားနား၊ ဂျက်စတင်တမ်ဘာလိတ်ခ်နှင့် အနုပညာရှင်များစွာ ဂရမ်မီဆုပေးပွဲ၌ ဖျော်ဖြေတင်ဆက်

တနင်္ဂနွေနေ့ ညနေပိုင်းက လော့စ်အိန်ဂျလိစ်မြို့ စတတ်ပယ်လ်စင်တာ၌ စည်ကားစွာကျင်းပခဲ့သော (၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် တေးသံရှင် တေလာဆွတ်ဖ်က Record of the year ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံထားရသည့် သူမ၏ နာမည်ကျော်တေးတစ်ပုဒ်ဖြစ်သည့် We Are Never Ever Getting Back Together သီချင်းဖြင့် စတင်ဖွင့်လှစ်ဖျော်ဖြေခဲ့သည်။

ဆက်လက်ပြီး ဂျက်စတင်တမ်ဘာလိတ်ခ်က ၎င်း၏မကြာမီထွက်ရှိလာမည့် အယ်လ်ဘမ်အသစ်မှ သီချင်းအသစ် တစ်ပုဒ်ဖြစ်သည့် Suit & Tie သီချင်းနှင့် အမည်မဖော်ပြလိုသည့် သီချင်းအသစ်တစ်ပုဒ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထို့နောက် အဆိုတော် ရီဟားနားကလည်း တေးသံရှင် ဘရူနိုမားစ်နှင့်တွဲဖက်၍ သီဆိုခဲ့ပြီး အခြားသော အနုပညာရှင်များကလည်း သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။



# ကမ္ဘာ့ဂီတလောက၏ အကြီးကျယ်ဆုံးသော (၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကျင်းပ

ဂီတလောက၏ အကြီးမားဆုံးသော နှစ်ပတ်လည် ဆုပေးပွဲတစ်ပွဲဖြစ်သည့် (၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းက လော့စ်အိန်ဂျလိစ်မြို့ရှိ စတတ်ပယ်လ်စင်တာ၌ ကျင်းပခဲ့ရာ ဆုအမျိုးအစားပေါင်း ၈၀ ကျော် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် အကောင်းဆုံးတစ်ကိုယ်တော်ဖျော်ဖြေမှုဆုကို ဗြိတိန်အဆိုတော် အဒဲလ်က လည်းကောင်း၊ BEST POP VOCAL ALBUM ဆုကို ကယ်လီကလပ်ဆွန်က Stronger အယ်လ်ဘမ်ဖြင့်လည်းကောင်း၊ Album of the Year ဆုကို Bable အယ်လ်ဘမ်ဖြင့် Mumford & Sons အဖွဲ့က လည်းကောင်း ရရှိခဲ့ကြသည်။

Song of the Year ဆုကို အမေရိကန်တေးဂီတအဖွဲ့ Fun က We are Young သီချင်းဖြင့်လည်းကောင်း၊ အမေရိကန်ရော့ခ်ဂီတအဖွဲ့ The Black Keys က အကောင်းဆုံးရော့ခ်သီချင်းဆုကို Lonely Boy သီချင်းဖြင့်လည်းကောင်း၊ အကောင်းဆုံးရော့ခ်အယ်လ်ဘမ်ဆုကို အမေရိကန်ရော့ခ်ဂီတအဖွဲ့ El Camino အယ်လ်ဘမ်ဖြင့်လည်းကောင်း၊ အကောင်းဆုံး R&Bသီချင်းဆုကို တေးသံရှင် Miguel က Adorn သီချင်းဖြင့်လည်းကောင်း၊ အကောင်းဆုံး သီချင်းအယ်လ်ဘမ်ဆုကို Robert Glasper Expreiment က Black Radio အယ်လ်ဘမ်ဖြင့်လည်းကောင်း၊ ရက်ပ်အဆိုတော် Jay-Z နှင့် Kanye West က အကောင်းဆုံးရက်ပ်သီချင်းဆုကို Ni**as In Paris သီချင်းဖြင့်လည်းကောင်း၊ အကောင်းဆုံးရက်ပ်သီချင်းအယ်လ်ဘမ်ဆုကို Drake က Take Care အယ်လ်ဘမ်ဖြင့်လည်းကောင်း၊ အကောင်းဆုံးကန်းထရီးသီချင်းဆုကို Carrie Underwood က Blown Away သီချင်းဖြင့် လည်းကောင်း၊ ကမ္ဘာ့အကောင်းဆုံး တေးသီချင်းအယ်လ်ဘမ်ဆုကို ကွယ်လွန်သွားပြီဖြစ်သော အိန္ဒိယဂီတပညာရှင် Ravi Shankar က "The Living Room Sessions Part 1 အယ်လ်ဘမ်ဖြင့် လည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်



မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

## ၁၀-၂-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၆)ပါ စာရေးသူ(ဒီစိုး)၏ "ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်များ အလေးထား စဉ်းစားဖွယ်ရာ" ခေါင်းစဉ်နှင့် ပတ်သက်၍ အများသိရှိနိုင်ရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၂၈)နေ Jade Flower Co., Ltd. ၏ MD ဖြစ်သူ ဦးကျောက်စိမ်း [၆/မအရ(နိုင်)၀၀၀၀၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

(၁၀-၂-၂၀၁၃)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၆)တွင် ကမ်းရိုးတန်းအထူးအမြန်ရေယာဉ်များ အလေးထားစဉ်းစားဖွယ်ရာ ခေါင်းစဉ်နှင့်တွဲလျက်ပါရှိသည့် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း(မှန်လုံအအေးခန်း) Fortune Express(727) ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန၏(၇-၂-၂၀၀၈)ခုနှစ်ရက်စွဲပါ စာအမှတ်၊ ၆၁-ပဆ/ခွဲ(၁) ၂၀၀၈ ခုနှစ်(ည)(၂/၅၄)ဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော ကျွမ်းကျင်အဆင့်ရှိ သင်္ဘောကပ္ပတိန်(GRT 500)လက်မှတ်ကိုင်ဆောင်သူ Chief Engineer (Horse Power 3000) အထိ မောင်းနှင်နိုင်ခွင့်လက်မှတ်ကိုင်ဆောင်သူ အပါအဝင် သက်ဆိုင်ရာကျွမ်းကျင်လက်မှတ်ကိုင်ဆောင်သူ သင်္ဘောသားများ၊ သင်္ဘောလုံခြုံရေးနှင့်ပတ်သက်သော ရေကြောင်းပြကိရိယာများဖြစ်သည့်(GPS Navigator, Radar, echosounder)များအပြင် အနီးအဝေးဆက်သွယ်နိုင်သော ရေဒီယိုစကားပြောစက်၊ မိုးလေဝသသတင်းပေးပို့စက်များ တပ်ဆင်ပြီးစီးပြီးဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချက်ရခဲ့ပြီး (၃၀-၁-၂၀၀၃)ရက်နေ့မှစတင်၍ မြိတ်-ရန်ကုန်၊ ရန်ကုန်-မြိတ် ခရီးစဉ်ကို နေ့ချင်းရောက် ပထမဦးဆုံးစတင်ပြေးဆွဲနိုင်ခဲ့သည့် ကမ်းရိုးတန်း အထူးအမြန်ရေယာဉ်တစ်စင်းဖြစ်ပါသည်။ ယခုအချိန်တွင် အသွားအပြန်ခရီးစဉ် စုစုပေါင်း(၃)ကြိမ် ပြေးဆွဲပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကုမ္ပဏီသည် Fortune Express(2), (7), (27), (77) အမည်ဖြင့်လည်း ကမ်းရိုးတန်းရေယာဉ်(၄)စင်းအား ထားဝယ်-မြိတ်၊ ကော့သောင်း ကမ်းရိုးတန်းခရီးသည် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းကို (၁၉၉၈)ခုနှစ်ကတည်းက လုပ်ကိုင်နေသောကုမ္ပဏီဖြစ်ပါသည်။

အထက်ပါရေယာဉ်အား ရန်ကုန်-မြိတ်၊ မြိတ်-ရန်ကုန်သို့ နေ့ချင်းအမြန်ရောက်ရှိနိုင်ရန်အတွက် ၂၀၀၆ခုနှစ်တွင် မလေးရှားနိုင်ငံ Kuching သို့ Aluminium ဖြင့် ပြုလုပ်ပေးရန် အထူးအော်ဒါမှာ၍ အပ်နှံခြင်းဖြစ်ပြီး (၂၀၀၇)ခုနှစ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် ရေယာဉ်အသစ်စက်စက်ဖြစ်ပါသည်။ အနှစ်(၂၀)ကျော်ကြာနေသည့် ရေယာဉ်ဟောင်းလုံးဝမဟုတ်ပါ။ ယင်းကမ်းရိုးတန်း အထူးအမြန်ရေယာဉ်(၇၂၇)မှာ အလျား ၄၅ မီတာ၊ အနံ ၅ ဒသမ ၅ မီတာရှိပြီး မြင်းကောင်ရေ(၂၂၅၀) Mitsubishi Diesel Engine (၂)လုံးထိုင်ထားသည့် RPM(1800) ထိ မောင်း နိုင်ပြီး (၁) နာရီ မိုင်(၃၀)နှုန်းဖြင့် ခရီးသည်(၃၅၆)ဦးတင်ဆောင်၍ မောင်းနှင်နိုင်ပြီး မှန်လုံလေအေးပေးစက် တပ်ဆင်ထားသည့်ရေယာဉ်ဖြစ်ပါသည်။

အထက်ပါရေယာဉ်နှင့်ပတ်သက်ပြီး ရေယာဉ်ပေါ်တွင် အန္တရာယ်တစ်စုံတစ်ခု ရင်ဆိုင်ကြုံတွေ့ရပါက ခရီးသည်များ၏အသက်အန္တရာယ် ကယ်တင်နိုင်ရန် လုံလောက်သောအသက်ကယ်အင်္ကျီနှင့် (၆၅)ယောက် စီးနင်းလိုက်ပါနိုင်သည့် အသက်ကယ်ဖောင်(၆)လုံး ထည့်ထားပေးပါသည်။ ယင်းသို့ထည့်ထားပေးသည့် အသက်ကယ်ဖောင်(၆)လုံးနှင့်ပတ်သက်၍လည်း (၈-၁၀-၂၀၁၂)နေ့တွင် Survey လုပ်ထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ခရီးသည်များအတွက် အန္တရာယ်ကင်းအောင် စီစဉ်ထားပြီးဖြစ်ပါသည်။

အထက်ပါရေယာဉ်၏ International Load Line Certificate(1966) ကို (၂-၅-၂၀၁၂)နေ့က ရရှိခဲ့ပြီး ယင်း၏ Certificate သက်တမ်းမှာ (၃၀-၄-၂၀၀၇)နေ့အထိဖြစ်ပါသည်။ အဆိုပါရေယာဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်မှ(၂-၁-၂၀၁၃)ရက်တွင် လိုင်စင်နံပါတ် (SL 1913) ဖြင့် Fortune Express(727) ရေယာဉ်ကို Ship Station Licence ထုတ်ပေးထားပြီးဖြစ်ပါသည်။ ၎င်းအပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်မှပင် အထက်ပါရေယာဉ်အတွက် MMSI နံပါတ် 506050500 အား ခရီးသွားလာနေစဉ် ခေါ်ဆိုအသုံးပြုနိုင်ရန်(၂-၁-၂၀၁၃)ရက်စွဲပါ စာအမှတ်-၃၆၆-ဆည၊ ခွဲ(၃)ရေး/ဝသဖြင့် သတ်မှတ်ပေးထားပြီးဖြစ်ပါသည်။

Jade Flower Co.,Ltd မှ ရေယာဉ်ကြံ့ခိုင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ အဆင့်ဆင့်စစ်ဆေးခံယူပြီးမှ ခွင့်ပြုချက်ရရှိ၍ စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ Fortune Express(727)ရေယာဉ်နှင့်ပတ်သက်၍ စာရေးသူ(ဒီစိုး)မှ အကြောင်းရင်းမှန်ကို သေချာ ဂယနဏ သိရှိခြင်းမရှိဘဲ ကျပ်(၁၀၈)သိန်းကျော်ကျော် အရှုံးပေါ်သွားသည်ဟုလည်းကောင်း၊ ပြည်ပနိုင်ငံများတွင် နှစ်ရှည်လများသုံးစွဲပြီး အဟောင်းကို ဆေးပြန်သုတ်လျက် ခရီးနီးမြို့ကြီး၊ မြို့ငယ်များသို့ အနှစ် ၂၀ကျော်ကြာပြေးဆွဲပြီးမှ ကော့သောင်း၊ မြိတ်၊ ရန်ကုန်ပင်လယ်ပြင်ခရီးကို ခရီးသည် ၃၅၀ဦး တင်ဆောင်ပြေးဆွဲခြင်းသည် လူ့အသက်ပေါင်းများစွာ အသက်အန္တရာယ်ရှိကြောင်း မှားယွင်းစွာရေးသားဖော်ပြခဲ့ခြင်းသည် ခရီးသွားပြည်သူများအား မြိတ်-ရန်ကုန်၊ ရန်ကုန်-မြိတ်နေ့ချင်းရောက်စေရန် ရေယာဉ်အသစ်စက်စက်ကို စနစ်တကျအော်ဒါမှာယူတည်ဆောက်ခိုင်းခဲ့သည့် ကျွန်ုပ်မိတ်ဆွေ၏ စိတ်စေတနာကို စော်ကားရာရောက်ပြီး ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို များစွာထိခိုက်နစ်နာစေပါသည်။ ကိုယ်တိုင်သေချာမသိရှိသည့် သတင်းအမှားဖြင့် ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေးလုပ်ငန်းကိုထိခိုက်စေရန်အကြံဖြင့် သွားပုပ်လေလွင့် ဖော်ပြရေးသားခြင်းဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ကောင်းသောနာမည်ဂုဏ်သတင်းကို များစွာထိခိုက်နစ်နာစေပါသည်။

စာရေးသူအနေဖြင့် ခရီးသွားပြည်သူများအားသိရှိစေရန် ဖော်ပြရေးသားရာ၌ပင် အရှေ့အနောက် ညီညွတ်ခြင်းမရှိသည်မှာ ပေါ်လွင်နေပြီး ကျွန်ုပ်၏မိတ်ဆွေများ ဂုဏ်သိက္ခာကျဆင်းစေကာ ခရီးသွားလုပ်သားပြည်သူများ ရေယာဉ်အပေါ် ယုံကြည်မှုကင်းမဲ့စေရန် ရည်ရွယ်နေကြောင်းသာ ပေါ်လွင်နေပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ Fortune Express(727)ရေယာဉ်ဓာတ်ပုံကို ဖော်ပြသုံးစွဲကာ ကိုယ်တိုင်သေချာမသိရှိသည့် အကြောင်းရင်းမှန်ကို သိသယောင်ယောင်ရေးသားဖော်ပြခဲ့သည့် စာရေးသူ(ဒီစိုး)အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေအား တစ်ပတ်အတွင်း အမြန်ဆုံး ပြန်လည်ဖြေရှင်းပေးရန်နှင့် ပြန်လည်ဖြေရှင်းခြင်းမပြုပါက စာရေးသူ(ဒီစိုး)အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် နောက်နောင် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ဂုဏ်သတင်းကို ထိခိုက်စေသည့် မဟုတ်မမှန် ဝေဖန်ရေးသားမှုများ ဆက်လက်ရေးသားပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက် သတိပေးကြေညာအပ်ပါသည်။

ဦးကျောက်စိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျော့ကျော့လှိုင်
**LL.B,LL.M,D.I.L., D.M.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၉)
အမှတ်-၈၅၊ ၁၃ လမ်း၊ ၃-လွှာ(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့





## ဝယ်လိုသည်

နှ၊ ပ၊ ဗ၊ ဘ၊ လ အပ်ကား၊
ကားအပ်ပြီးစလစ်၊လေလံအပ်ကား။
Ph: 448007377

## မှုးယစ်ကင်းစင် အလှဆင်


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်းလျှောက်ထားလာပါသည်။သို့ပါ၍ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည်တင် | မှတ်ပုံ | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး | | အမှတ်(၃၄/၃၆)၊ ၄ လမ်း | လမ်းမတော် | ၂၂W | V ၁၅၂၊ V ၁၅၃ နှင့် ၁၅၄ | ဦးကန်ရင်(ခ) ဦးကာဟင် (ခ) Ng Kar Hin | အမည်ပြောင်း |

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန






# ပရီမီယာလိဂ်ဖလား မန်ယူအတွက် ဖြစ်လာတော့မည်လား

မန်ယူအသင်း၏ စကော့တလန်နိုင်ငံသား နည်းပြကြီးဆာအဲလက်စ် ဖာဂူဆန်နှင့်အတူ မန်ယူကစားသမားများ၏ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့် ယခုနှစ်ဘောလုံးရာသီကတော့ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီထက် ပိုမိုလက်တွဲမှု ကောင်းလာသည်ဟု ဆိုရမည်ဖြစ်သည်။

နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီကို ခေါ်ယူနိုင်ခဲ့သည်က ဖာဂူဆန်အတွက် နည်းပြများအလယ် လက်မထောင်နိုင်မည့် အနေအထားတစ်ရပ်ဖြစ်လာခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ်(၂၆)တွင် အဲဗာတန်အသင်းကို အိုးထရက်ဖို့ဒ်၌ ရိုင်ယန်ဂစ်နှင့် ဗန်ပါစီတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ရာ မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ၁၂ မှတ်ဖြတ်ကာ ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

မန်စီးတီးနည်းပြ မန်စီနီသည် လက်ရှိပရီမီယာလိဂ် ချန်ပီယံဘွဲ့ကို ဆက်ထိန်းမည်ဟု ဆိုခဲ့သော်လည်း မန်စီးတီးကစားသမားများ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုကြောင့် စိန့်မာရီ၌ ဆောက်သမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ကာ သရဲပြာတို့ အသည်းနာခဲ့ရသည်။

တွေးလေလေ ဆွေးမပြေနိုင်တဲ့ မန်ယူနည်းပြကြီးဖာဂူဆန်သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ချန်ပီယံလိဂ်တွင် ၁၆ သင်း အဆင့်နှင့်ပင်ကျေနပ်ခဲ့ရပြီး ပရီမီယာလိဂ်တွင်လည်း မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို ရမှတ်တူဂိုးကွာခြားချက်ဖြင့် ပရီမီယာလိဂ်ဖလားကို လက်လွှတ်ခဲ့ရသည့်အပြင် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီသည် မန်ယူအသင်းအတွက် ဖလားလက်မဲ့ဖြစ်ခဲ့ရသည့် ရာသီဖြစ်ခဲ့ရသည်။

လက်ရှိတွင်မူ မန်ယူကစားသမားများ ကောင်းမွန်သောခြေစွမ်းနှင့်အတူ ပရီမီယာလိဂ်တွင် ရမှတ် ၆၅ မှတ်ဖြင့် ဇယားထိပ်ကို ဦးဆောင်လျက်ရှိပြီး ကျန်ပွဲစဉ်များတွင် အသင်း၏ရလဒ်ကို မယိမ်းမယိုင်ထိန်းသိမ်းသွားနိုင်ရန် လိုအပ်နေသေးသည်။

ပရီမီယာလိဂ်တွင် အခြေအနေကောင်းနေပြီဖြစ်သော်လည်း စိတ်ခတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်လာဖွယ်ရှိသည့် ဘာနေဗျူးသို့ သွားရောက်ကစားရမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲအတွက် မည်သို့သော ဗျူဟာအခင်းအကျင်းနှင့် ယှဉ်ပြိုင်မည်လဲဆိုသည်နှင့်ပတ်သက်၍ ဂလက်စဂိုးမြို့သားကြီး ဖာဂူဆန်၏ ထင်မှတ်မထားသော လုပ်ရပ်များကို ဖေဖော်ဝါရီ ၁၃ ရက်တွင် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ယခုနှစ်ရာသီတွင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းထံမှ ပရီမီယာလိဂ်ဖလား ပြန်လည်ရယူရေးနှင့် ဖလားလက်မဲ့မဖြစ်ရေးအတွက် အကောင်းဆုံးပုံဖော်လာသည့် မန်ယူအသင်းသည် လက်ရှိခြေစွမ်းပိုင်း ဆက်လက်မြဲနေမည်ဆိုပါက ရာသီမကုန်မီပင် ပရီမီယာလိဂ်ဖလားမှာ မန်ယူဖလားဟု သတ်မှတ်ရတော့မည့် အနေအထားဖြစ်သည်။



သို့ရာတွင် ရာသီမကုန်သေးသဖြင့် လက်ကျန်ပွဲစဉ်များ၏ ရလဒ်ဖြင့် အဖြေရှာကာ ပရီမီယာလိဂ်ဖလားမန်ယူအတွက် ဖြစ်လာမည်လားဆိုတာ တစ်ထစ်ချ မဆိုနိုင်သေး၍ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ။

**နိုင်လင်းကြည်**

# AFC Challenge Cup ပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်း ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၁၃ ခုနှစ်မတ် ၂ ရက်မှ ၆ ရက်အထိ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် သုဝဏ္ဏကွင်းတွင် ကျင်းပမည့် 2013 AFC Challenge Cup ခြေစစ်ပွဲစဉ်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၅ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။



2013 AFC Challenge Cup ခြေစစ်ပွဲစဉ်အတွက် ဖွဲ့စည်းခဲ့သည့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် ပြီးခဲ့သည့် ဖိလစ်ပိုင်အသင်းနှင့်ခြေစမ်းပွဲအတွက် ဖွဲ့စည်းခဲ့စဉ်က ပါဝင်ခဲ့သည့် ဉာဏလွင်၊ နန္ဒကျော်၊ နန္ဒလင်းကျော်ချစ်၊ အောင်မိုး၊ စည်သူအောင်၊ မောင်မောင်စိုးနှင့် ထူးထူးအောင်တို့ ပြန်လည်ပါဝင်ခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။ အဆိုပါ ကစားသမားများ၏နေရာတွင် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့သည့် နိုင်လင်းဦး၊ ကြည်လင်း၊ ဒေးဗစ်ဒန်း၊ ခင်မောင်လွင်တို့နှင့်အတူ ပိုင်စိုး၊ မျိုးဇော်ဦးတို့လည်း ပြန်လည်ရွေးချယ် ခံခဲ့ရသည်။ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် စတင်စုစည်းပြီး ယင်းနေ့ညနေ ၄ နာရီတွင် လေ့ကျင့်မှုများ စတင်ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ၂၅ ဦးစာရင်းမှာ ဂိုး-သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(ဆောက်သမ်း)၊ နောက်တန်း-ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်၊ ဇော်မင်းထွန်း၊ သက်နိုင်(ရတနာပုံ)၊ အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ ဇော်ဇော်ဦး(ဧရာဝတီ)၊ ပြည့်ဖြိုးအောင်(ရန်ကုန်ယူနိုက်တက်)၊ သိန်းသန်းဝင်း(KBZ)၊ အလယ်တန်း-ဖြိုးကိုကိုသိန်း၊ ညီညီမင်း၊ နိုင်လင်းဦး(ဧရာဝတီ)၊ ရန်အောင်ကျော်၊ ရာဇာဝင်းသိန်း၊ ကြည်လင်း၊ ဒေးဗစ်ဒန်း၊ ခင်မောင်လွင်(ရန်ကုန်ယူနိုက်တက်)၊ ပိုင်စိုး(ရတနာပုံ)၊ မျိုးဇော်ဦး(မကွေး)၊ ရှေ့တန်း-ကျော်ကိုကို (ရန်ကုန်)၊ ကောင်းစည်သူ (ရတနာပုံ)၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦး(KBZ)တို့ ဖြစ်ပြီးအုပ်ချုပ်အဖွဲ့မှာ အသင်းမန်နေဂျာ ဦးတင်မြင့်အောင်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ဟာဟော့ဂျွန်၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ စကားပြန် ဦးအောင်သူရတို့ဖြစ်သည်။

**ဇော်မင်းအောင်(၁၀၇)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**





အမြန်ပြန်လာပါ

ဦးမောင်မောင်လှ၏သားဖြစ်သူ ဦးလှမြင့်ထူး(ခ) သားကြီး(ခ)ဖိုးဆောင်း [၁၂/အလန(နိုင်)၀၃၆၉၁၇] အမေစိတ်ပူနေပါသဖြင့် ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။

**Ph-09 73254818**







ကျေးဇူးဆပ်ပါမည်

၁၀-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)ည ၈နာရီ ၃၀မိနစ်ခန့်တွင် မြေနီကုန်းဒဂုံစင်တာမှ ပုလဲကွန်ဒိုသို့အပြန် အဖြူရောင် Taxi ကားပေါ်၌ ဗြိတိသျှအမျိုးသမီးတစ်ဦး၏ အမျိုးသမီးလက်ကိုင်အိတ်အညိုရောင်၊ ကင်မရာ၊ Ipod၊ နိုင်ငံကူးလက်မှတ်(Passport)နှင့် အခြားအရေးကြီးစာရွက်စာတမ်းများ ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိပါက ဖုန်းနံပါတ် ၀၁-၆၆၁၅၅၄၊ ၀၉-၄၂၀၀၅၃၉၈၄နှင့် ၀၉-၄၉-၅၈၁-၃၉၃ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။




**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု**






# မြစ်ငယ်မြို့မှ သတင်းစာဖတ်ပရိသတ်များ၏ အမြင်

**တွေ့ဆုံမေးမြန်းသူ-မောင်မောင်စိုး(မြစ်ငယ်)**

လက်ရှိထုတ်ဝေနေသော သတင်းစာများ အသွင်အပြင်ဆန်းသစ်စွာဖြင့် ထုတ်ဝေမှုအခြေအနေနှင့် ပတ်သက်၍ မြစ်ငယ်မြို့ရှိ ပြည်သူများ၏ သဘောထားမှတ်ချက်များကို ကွင်းဆင်းလေ့လာ၍ မေးမြန်းတင်ပြ လိုက်ပါသည်။

**ဦးမွေးကြီး(ဆောက်လုပ်ရေး-ငြိမ်း)**

"ကျွန်တော်ဟာ မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာကို ဖတ်လာတာ နှစ် ၂၀ ကျော်ပါပြီ။ အဖြူအမည်း ဘဝကနေ အခုရောင်စုံသတင်း၊ ဓာတ်ပုံတွေပါတဲ့ သတင်းစာတွေကို ဖတ်လိုက်ရတော့ ကျွန်တော့် စိတ်ထဲမှာ ပိုပြီးပြည့်စုံလာတယ်လို့ ခံစားရပါတယ်"

**မငွေး+မငယ်**
**ငါးပိ၊ ငါးခြောက်ဆိုင်**

"ကျွန်မတို့က ညီအစ်မအရင်းပါ။ ကျွန်မတို့အိမ်မှာ မြန်မာ့အလင်းနဲ့ ကြေးမုံနှစ်စောင်ယူပါတယ်။ အိမ်မှာ ပင်စင်စားအဘိုးနဲ့ အဖေက နေ့စဉ် သတင်းစာ မဖတ်ရရင် အလုပ်တစ်ခုမပြီးဘူးလို့ အဖေနဲ့အဘိုးက ဆိုပါတယ်။ သတင်းစာကို လူတိုင်းဖတ်သင့်တယ်လို့ ပြောပါတယ်။ ယခင် အဖြူအမည်းကနေ ယခု ရောင်စုံသတင်းစာကို ဈေးနှုန်းမတက်ဘဲ ဝယ်ယူဖတ်ရှုရလို့ မြန်မာ့အလင်းနဲ့ ကြေးမုံကို ကျေးဇူးအများကြီး တင်ပါတယ်"

**ဦးမြသောင်း(ပန်းပုဆရာကြီး)**

"သတင်းစာကို စွဲစွဲမြဲမြဲဖတ်လာတာ နှစ်ပေါင်းများစွာရှိခဲ့ပါပြီ။ ဟိုးယခင်ကတည်းက အဖြူအမည်းကနေ ယခု ရောင်စုံသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့တဲ့အတွက် မျက်စိထဲမှာ ဖတ်ရတာ ကြည်လင်ရှင်းလင်းပြတ်သားတယ်။ နိုင်ငံတကာအကြောင်းအရာတွေ၊ ပြည်တွင်းသတင်းမှန်၊ သတင်းထူးတွေ ဖတ်ခွင့်ရရင်တော့ ပိုကောင်းတဲ့သတင်းစာဖြစ်လာမယ်လို့ ထင်ပါတယ်။ ရောင်စုံသတင်းစာကို ဖတ်ရတဲ့အတွက် အဓိပ္ပာယ်ရှိတဲ့ လူသားတစ်ယောက်ဖြစ်သွားပြီလို့ ထင်ပါတယ်"

**ဦးဘသွယ်**
**(မီးရထား-ငြိမ်း)**

"မြစ်ငယ်မြို့မှာ နံနက် ၈ နာရီခွဲ ၉ နာရီကျော်ရင် သတင်းစာဖတ်ရပါပြီ။ ကျွန်တော်က မီးရထား ပင်စင်စားဆိုတော့ နံနက်လင်း အိပ်ရာထရင် လက်ဖက်ရည်သောက်ရင်းနဲ့ ရောင်စုံသတင်းစာဖတ်ရတာ ဘယ်အရသာနဲ့မှ မလဲနိုင်အောင်ပါပဲ။ ယခုရောင်စုံသတင်းစာတွေထုတ်ဝေတော့ ဖတ်ရတာ အလွန်ကိုကောင်းပါတယ်။ ကဏ္ဍအသီးသီးက ရေးသားထားတာတွေက ယခင်ထက် ယခုပြောင်းလဲသွားပြီလို့ စိတ်ထဲမှာ ခံစားမိပါတယ်"

**ဦးမျိုးဝင်း**
**(မီးရထားစွမ်းအားပြည့်-ငြိမ်း)**

"ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းအရ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊ ဖွဲ့စည်းတည်ထောင်ခွင့်၊ သတင်းစာမီဒီယာများ လွတ်လပ်ခွင့် စတဲ့ ဥပဒေဘောင်အတွင်းမှ ပြည်သူလူထု၏ ခံစားခွင့်အရသာတွေကို ဖော်ညွှန်းပေးတဲ့အတွက် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာကို ဖတ်ရှုလေ့လာခွင့်ရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ တိုင်းပြည်ရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေကို နေ့စဉ် သိခွင့်ရရှိမှာ ဖြစ်ပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာကို ရောင်စုံသတင်းစာအဖြစ် ဖတ်ရှုရတဲ့အတွက် ကျေနပ်မိပါတယ်"

**ဦးစိန်မြင့်**
**(သတင်းစာကိုယ်စားလှယ်နှင့် သတင်းထောက်)**

"သတင်းစာကို ကိုယ်တိုင်ပို့တယ်။ သတင်းစာတိုက်က သတင်းစာရောက်ပြီဆိုတာနဲ့ ပြည်သူတွေဆီ အမြန်ဆုံးဖြန့်ဝေတယ်။ ၈ နာရီခွဲ ၉ နာရီဆို ပြည်သူတွေလက်ထဲ ရောင်စုံသတင်းစာတွေ ရောက်ပြီလေ။ သတင်းစာဖတ်သူလက်ထဲ ရောင်စုံသတင်းစာဖတ်ရတာ မြင်တွေ့ရတော့ သတင်းစာကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်ရတယ်။ နောက်ပြီး မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတိုက်တွေကိုလည်း ပြည်သူတွေကို ရောင်စုံသတင်းစာများအဖြစ် ထုတ်ဝေပေးတဲ့အတွက် ကျေးဇူးတင်မိပါတယ်။ ။

# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ (၆၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဗုဒ္ဓဘိသေက အနေကဇာတင်ခြင်း၊ အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ဖြင့် ဗုဒ္ဓ-ဓမ္မ-သံဃာ ပူဇော်ပွဲများကို တပို့တွဲလဆန်း ၃ ရက် (ဖေဖော်ဝါရီ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့)မှ တပို့တွဲလဆန်း ၇ ရက် (ဖေဖော်ဝါရီ ၁၇ ရက်၊တနင်္ဂနွေနေ့) ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

တပို့တွဲလဆန်း၃ ရက်(ဖေဖော်ဝါရီ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာ ၂၄ ပါးတို့ဖြင့် မဟာပဌာန်းရွတ်ဖတ်ပူဇော်၍ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖွင့်လှစ်ပေးကြမည် ဖြစ်သည်။

တပို့တွဲလဆန်း ၇ ရက် ဖေဖော်ဝါရီ ၁၇ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ဦးဆောင်သော ပင့်သံဃာ ၄၅ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချခြင်းနှင့် စေတီတော်ရင်ပြင်၌ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ရာ အလှူရှင်၊ ကုသိုလ်ရှင်များ ကြွရောက်ကြည်ညို လှူဒါန်းနိုင်သည်။

**(မွန်လေး)**

# ခရီးစဉ်သစ်များ တိုးချဲ့ကာ အထူးဝန်ဆောင်မှုများဖြင့် ပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရန်ကုန်၊ မန္တလေး၊ ကလေး၊ တမူး၊ ပြင်ဦးလွင်၊ မုံရွာ၊ ရေဦး၊ ရေနံချောင်း၊ မကွေး၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ မော်လမြိုင်မြို့များ အပါအဝင် အခြားသောနယ်မြို့များသို့ အာကာသ မော်တော်ယာဉ်လိုင်းမှ မော်တော်ယာဉ်စီးရေ ၂၀ဖြင့် ဖေဖော်ဝါရီ ၉ ရက်မှစ၍ မင်းဘူး-မကွေး- ရေနံချောင်း-ကျောက်ပန်းတောင်း- မိတ္ထီလာ-ကျောက်ဆည်- မန္တလေး- ပြင်ဦးလွင် ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်အားလုံးအတွက် လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများအား အထူးဝန်ဆောင်မှုများအနေဖြင့် ၁၀ ကြိမ်စီးသူတိုင်း(အချိန်အကန့်အသတ်မရှိ) တစ်ကြိမ်အခမဲ့ စီးနင်းခွင့်ပြုမည့်အပြင် ပင်ရင်းဂိတ်များတွင် အသွား၊ အပြန် လက်မှတ်တစ်ခါတည်း ဝယ်ယူပါက အထူးလျှော့ဈေးနှုန်း ခံစားခွင့်ရရှိမှာဖြစ်ပြီး အာကာသ အသင်းဝင် (member card)ကို အမြဲတမ်း စီးနင်းသူများအား ထုတ်ပေး၍ ဝန်ဆောင်မှုများကို အထူးဦးစားပေး ခံစားရမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်မှာယူသူများကို အိမ်အရောက် အခမဲ့ပို့ဆောင်ပေးခြင်း၊ လေအေးပေးစက်များ တပ်ဆင်ထားခြင်း၊ ထိုင်ခုံ ၄၅ ခုံသာတပ်ဆင်ထားခြင်း၊ အရေးပေါ်ဆေးဝါး၊ ရေသန့်၊ စနိုးတာဝါ၊ သွားတိုက်တံတို့အပြင် အဆာပြေစားရန်မုန့်များ၊ အရေးပေါ်ဆက်သွယ်ရန် ကားပေါ်တွင် ယာဉ်တင်တယ်လီဖုန်းတို့ အပြင် ကျွမ်းကျင်ယာဉ်မောင်းများကိုပါ ရွေးချယ်မောင်းနှင်သွားမည်ဖြစ်ကြောင်း ယာဉ်လိုင်းတာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

**တင့်လွင် (မြောက်ဥက္ကလာ)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်

**အင်းစိန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် လက်တွေ့မီးငြိမ်းသတ်နည်းဆွေးနွေးပို့ချခြင်း၊ မီးသတ်ယာဉ်များဖြင့် သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဖေဖော်ဝါရီ ၈ ရက်က အင်းစိန်မြို့နယ်ရှိ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၌ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)မှ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာများနှင့် ဝန်ထမ်း ၆၀၀ ကျော် တက်ရောက်ကြကြောင်းသိရသည်။

**(မြင့်စိန်-အင်းစိန်)**

# စည်းကမ်းမဲ့ယာဉ်များကြောင့် အန္တရာယ်တွေ့နိုင်

**သရက် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ နေ့စဉ်ကြီးကြပ်၍ ကား၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်များကို စည်းကမ်းတကျရှိစေရေး ဆောင်ရွက်နေသော်လည်း ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း မလိုက်နာဘဲ စည်းကမ်းဖောက်ဖျက်သည့် အန္တရာယ်ရှိ ယာဉ်များကို အမှတ်မထင်တွေ့မြင်ရဆဲ ဖြစ်သည်။

**ပေါက်ကလေး(သရက်)**



# လျှပ်စစ်ဓာတ်အား ပျောက်ဆုံးယိုယွင်းမှုနှုန်း လျှော့နည်းရေးဆောင်ရွက်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးနေသော မီးလင်းပြီးကျေးရွာပေါင်း ၅၁ ရွာရှိသည့်အနက် ကျေးရွာ ၁၆ ရွာသာလျှင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သတ်မှတ်ထားသော ပျောက်ဆုံးယိုယွင်းမှုနှုန်းအတွင်းရှိပြီး ကျန်ရှိသောကျေးရွာများသည် သတ်မှတ်ထားသော ပျောက်ဆုံးယိုယွင်းမှုနှုန်းထက် ကျော်လွန်နေသဖြင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်သည့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ လျှပ်စစ်ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းကာ ပျောက်ဆုံးယိုယွင်းမှုနှုန်းလျှော့နည်းရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(ဝဲပုံ)

**(ပခုက္ကူ)**



နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးတွင် ခရိုင်မီးသတ်ဦးစီးဌာနနှင့် အမှတ်(၄) မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေစဉ်။ **(၁၀၇)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၀)၊ ဦးပိုင်အမှတ်(၅၈)၊ ၃၈လမ်း၊ ၇၆လမ်း×၇၇လမ်းကြား၊ မောင်ကိုကြီး၊ အမလေး အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်အုန်းရှိန်၊ ဦးထွန်းရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၅၈၆၄၀]၊ [၉/မရတ(နိုင်)၀၅၈၄၇၈]မှ အမှုတွဲအမှတ်[၀၈၂၉/ဘ(ပြောင်း)/၂၀၁၂-၂၀၁၃]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၆၀၈၃၄၊ အမျိုးအမည် Honda C 90 Custom CMN၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန္ဒာဆွေ မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၀၉၉၃၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၇)၊ ဦးပိုင်အမှတ်(၅)၊ ၁၄လမ်း×၁၅လမ်း၊ ၈၁×၈၂ လမ်းကြား၊ ဦးမျိုးမြင့်၊ ဒေါ်မြရင်၊ ဒေါ်အေးအေးခိုင် အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်နန်းအေးတောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၃/လရန(နိုင်)၀၀၃၈၆၃]၊ ဒေါ်နန်းမြအောင်[၁၃/လရန(နိုင်)၀၉၅၅၃၀]က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၂၈) (ခဲစင်း) ၁၃လမ်း×၁၄လမ်း၊ ၈၀×၈၁လမ်းကြား၊ မောင်ရွှေသားအရစ် အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ခင်လှဝေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနမ(နိုင်)၀၃၃၈၈၀]၊ အမှုတွဲအမှတ်-၀၈၃၅/ဘ(ခွဲ/ပြောင်း)/၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဘ/ခွဲ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၇)၊ ဦးပိုင်အမှတ်(၅၆)၊ ၈၉×၉၀လမ်းကြား၊ ၃၁×၃၂လမ်းကြား၊ ဦးမင်္ဂလာ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်တင်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနတ(နိုင်)၀၅၂၄၁၀]မှ အမှုတွဲအမှတ်-၇၀၂/(ဘ/ပြောင်း)/၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပွင့်ဖြူမြို့နယ် ရွာခိုင်တံတားအသစ် ပြန်လည်တည်ဆောက်

**သတင်းနှင့် ဓာတ်ပုံ**
**မကွေးလှမြင့်**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်-ကုန်းဇောင်း-သံကိုင်းလမ်းပေါ်ရှိ ရွာခိုင်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၄) ပခုက္ကူက တာဝန်ယူ၍ ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်မည်ဟု သိရသည်။

ဗြိတိသျှအစိုးရလက်ထက်က တည်ဆောက်ခဲ့သော တံတားအဟောင်းဘေးတွင် ကပ်လျက် ယခုတံတားအသစ်ကို တည်ဆောက်နေခြင်းဖြစ်သည်။ မူလတံတားအဟောင်းသည် ၁၉၀၃-၁၉၁၀ ခုနှစ်က တည်ဆောက်ခဲ့သော မဲဇလီဆည်နှင့်အတူ မဲဇလီ-ဥယျာဉ်ကျစ်-ကုန်းဇောင်း-သံကိုင်း-ဇက်ဆိပ်လမ်းပေါ်တွင် မဲဇလီဆည်မှ ထုတ်သော ရေဆိုးမြောင်းကြီးပေါ်၌ ခွ၍ တည်ဆောက်ခဲ့သည်။ တံတားဟောင်းသည် နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီး ခံနိုင်ဝန်မှာ ၁၃ တန်သာ ရှိသောကြောင့် ကားတစ်စီးသာ မောင်းနိုင်သည်။ တံတားအဟောင်းသည် Open foundation ဖြစ်ပြီး အုတ်တိုင် Abutment ပေါ်တွင် ၁၂ လက်မ × ၆ လက်မ I-Section Beam တင်ပြီး တံတားကြမ်းခင်းမှာ သံဆန်ခါကွက် သံကူကွန်ကရစ်ဖြစ်သည်။ ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ ၄၀× ၁ ခန်းဖြစ်ပြီး ရေတိုက်စားမှုများကြောင့် အောက်ခြေအုတ်တိုင် ယိမ်းယိုင်ပျက်စီးလာခဲ့သည်။ ထို့ကြောင့် လက်ရှိဘေလီတံတားကို ၂၀၁၁ ခုနှစ် ဇွန်လက ပြန်လည်တည်ဆောက်ခဲ့သော်လည်း ယခုအချိန်တွင် တံတားအဟောင်းသည် ကြံ့ခိုင်မှုအားနည်းလာသဖြင့် တံတားအသစ်ပြန်လည်တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

ရွာခိုင်တံတားသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ် - ကုန်းဇောင်း - သံကိုင်းလမ်း မိုင်တိုင် (၃/၅) ၌ တည်ရှိပြီး တံတားအမှတ် (၂/၄) ဖြစ်သည်။ တံတားအရှည်မှာ ပေ ၆၀၊ ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ၃ ပေ ၆ လက်မနှင့် ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ ၆၀ × ၁ ခန်းဖြစ်ပြီး တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ် ၄၈ ပေ၊ အမြင့် ၁ ပေဖြစ်သည်။ တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ် Spum Ppipe Mini Bore Pile နှင့် သံကူကွန်ကရစ် ကိုယ်ထည်ဖြစ်ပြီး တံတားအပေါ်ထည်မှာ နှစ်လမ်းသွား သံကူကွန်ကရစ်ဖြစ်ကာ ခွင့်ပြုယာဉ်နှင့် အလေးချိန်မှာ (AASHTO-HS 25) Two Lane မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် ၇၅ တန်ဖြစ်သည်။ ရွာခိုင်တံတားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းရရှိသော ရန်ပုံငွေမှာ ကျပ်သန်း ၈၀ ဟု သိရသည်။ ယခုအခါ သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြီးစီးရန် နေ့ဆိုင်း၊ ညဆိုင်းများဆင်းကာ လုပ်ကိုင်လျက်ရှိသည်။

"အခုလက်ရှိတော့ တံတားအဟောင်းကပဲ သွားနေရတုန်းပါပဲ၊ ကားတစ်စီးချင်းပဲ သွားလို့ရတဲ့အတွက် စောင့်ပြီးသွားနေရပါတယ်။ ဒီတံတားအသစ်ကြီး ပြီးသွားရင်တော့ ကျွန်တော်တို့လို ဒေသခံတွေအတွက် အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးက ဒေသထွက်ကုန်တွေ ဈေးကွက်ကို အချိန်မီရောက်ဖို့ပဲ ဖြစ်ပါတယ်။ ဒီဒေသမှာဆိုရင် စပါးကို နှစ်ကြိမ်စိုက်ပြီး ပဲမျိုးစုံလည်း ထွက်ပါတယ်။ ဒီတံတားကြီးပြီးသွားရင်တော့ ဒေသခံတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးတွေပါ သိသိသာသာ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေတဲ့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသတွေကို လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်အောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ရွာခံတံတားတည်ဆောက်ရေးနှင့် ပတ်သက်ပြီး သူ၏ရင်တွင်းစကားကို ပြောပြသွားသည်။ ။



## အိမ်မဲမြို့နယ် ကန်ကြီးထောင့်ရွာ၌ ထရန်စဖော်မာတိုးမြှင့်တပ်ဆင်

**အိမ်မဲ ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကန်ကြီးထောင့်ကုန်းကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲရာ၌ ယခင်ကတည်းက တပ်ဆင်ထားရှိခဲ့သော 25 KVA ထရန်စဖော်မာသည် မီးသုံးစွဲသူပြည်သူများအတွက် ဗို့အားမမီခြင်း၊ မီးသုံးစွဲရာတွင် ထရန်စဖော်မာမှ ဝန်အားနိုင်နင်းမှုမရှိခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ 100 KVA ထရန်စဖော်မာ ပံ့ပိုးကူညီမှုရရှိခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ကန်ကြီးထောင့်ကုန်းကျေးရွာ၌ မူလက 25 KVA ထရန်စဖော်မာအစား 100 KVA ထရန်စဖော်မာဖြင့် တိုးမြှင့်တပ်ဆင်၍ ဓာတ်အားစတင်ဖြန့်ဖြူးခဲ့ရာ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ ဗို့အားပြည့်စုံနိုင်နင်းစွာအသုံးပြုရသဖြင့် စိတ်ချမ်းသာစွာသုံးစွဲနေကြပြီဖြစ်ကြောင်း သိရသည်။

**(ဇော်ထက်-အိမ်မဲ)**





AUTO SERVICE CENTER မှ သတင်းကောင်းပါးအပ်ပါသည်။ ကျွန်တော်များ euphoria Auto Service Center ၏ အဓိကဝန်ဆောင်မှုများဖြစ်သော-

၁။ BMW နှင့် MERCEDESကားများကို Dealer Scanner ဖြင့် စမ်းသပ်စစ်ဆေးပြုပြင်ပေးခြင်း။

၂။ ကားအဲယားကွန်းများကို AUTOMATICစက်ဖြင့်စမ်းသပ်ပြုပြင်ပေးခြင်း။

၃။ ဝါယာရိန်း၊ ဘရိတ်နှင့် ကားအောက်ပိုင်းစစ်ဆေးပြုပြင်ပေးခြင်း။

၄။ AUTOMATIC GEAR OIL စက်ဖြင့် လဲလှယ်ပေးခြင်း။

၅။ PCMကွန်ပျူတာ Box ကို Hi-TECH SCANNER များဖြင့် စစ်ဆေးပေးခြင်း။

၆။ ကွန်ပျူတာဖြင့် အလိုင်းမင့်ချိန်ပေးခြင်းတို့ကို တိကျမှန်ကန်မြန်ဆန်သေသပ်စွာဖြင့် အကောင်းဆုံးဝန်ဆောင်မှုများ ပေးနေပြီဖြစ်ပါကြောင်းနှင့် စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့တိုင် အသိအမှတ်ပြု ယုံကြည်အားပေးခဲ့ကြသော Customer များကို ကျေးဇူးတုံ့ပြန်သောအားဖြင့်- အထက်ပါဝန်ဆောင်မှုများကို ၁၂-၂-၂၀၁၃ရက်မှ ၂၁-၂-၂၀၁၃ရက်ထိ ၁၀% Discount နှုန်းဖြင့် ဆောင်ရွက်ပေးပြီး

(က) အင်ဂျင်ဆီလဲလှယ်ပေးခြင်း(အင်ဂျင်ဆီ၏ ကျသင့်သောတန်ဖိုးကိုသာပေးရပြီး မေတ္တာဖြင့်ဝန်ဆောင်မှုပေးခြင်း။)

(ခ) ကားအောက်ပိုင်းစစ်ဆေးပေးခြင်းနှင့် ကားအတွင်းခန်းများကို သန့်ရှင်းပေးခြင်းတို့ကို မေတ္တာဖြင့် အခမဲ့ဝန်ဆောင်မှုပေးသွားပါမည်။

အချိန်- နံနက် ၉နာရီမှ ၆နာရီ

နေရာ- အမှတ်(၁၀)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပ



**အမှတ်(၁)ဒေသကောလိပ်၊ ရန်ကုန်တက္ကသိုလ် ပိုလ်တထောင်နယ်မြေ**
**ပိုလ်တထောင်ကောလိပ် ကျောင်းသား/သူဟောင်းများ၏**
**ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ**

ချစ်သူငယ်ချင်းအပေါင်းတို့ရေ တို့တစ်တွေ ခွဲခွာခဲ့ရတာ နှစ်ပေါင်းများစွာကြာခဲ့ပြီပေါ့လေ။ တို့တစ်တွေအလွမ်းပြေ ပြန်ဆုံတွေ့ကြရင်း တို့တစ်တွေကို ပညာသင်ကြားပေးခဲ့ကြတဲ့ ဆရာကြီး၊ ဆရာမကြီးများကို အတူတကွပူဇော်ကန်တော့ကြရအောင်ကွာ

**အလှူငွေနှင့်ညစာစားပွဲ လက်မှတ်အတွက် ဆက်သွယ်ရန်-**

| | |
|---|---|
| ၁။ ဆရာမကြီး ဒေါ်မြင့်မြင့်သိန်း | ဖုန်း-၀၁-၆၄၆၉၄၄ |
| ၂။ ဆရာ Dr.ဦးတင့်လွင် | ဖုန်း-၀၉-၅၀၀ ၇၃၃၇ |
| ၃။ Dr.မောင်မောင်ဦး (ကိုရစ်ချတ်) (1st Batch) | ဖုန်း-၀၉-၅၀ ၂၇၇၇၇ |
| ၄။ ဦးမြင့်သူ | ဖုန်း-၀၉-၇၃၀၀၈၇၁၉ |
| ၅။ ဦးစိန်မြ | ဖုန်း-၀၉-၄၂၁၀၀၆၂၆၁ |
| ၆။ ဒေါ်ခင်သီတာအောင် (2nd Batch) | ဖုန်း-၀၉-၅၀ ၂၈၆၃၈ |
| ၇။ ဒေါ်မြတ်မြတ်ဦး (2nd Batch) | ဖုန်း-၀၉-၅၁ ၈၅၀၅၀ |
| ၈။ Dr.နိုင်နိုင်မြင့် (2nd Batch) | ဖုန်း-၀၉-၇၃၈၈၈၁၁၇၃ |
| ၉။ ဦးမြင့်သန်း | ဖုန်း-၀၉-၅၁-၄၄၁၈၁ |
| ၁၀။ ဦးဗညားဇော် | ဖုန်း-၀၉-၄၅၀၀၁၈၈၈၈ |

**ကျင်းပမည့်ရက်** ၁၇-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ
တက္ကသိုလ်မွှာရုံ၊ တက္ကသိုလ်ရိပ်သာလမ်း

**ညစာစားပွဲရက်။** ။ ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ
**132/B၊ အင်းယားလမ်း၊ ရွှေရှမ်းကန်Restaurant၊ တက္ကသိုလ်လှေလှော်အသင်း (အနီး)**



FAME **Starnise®**
Natural medicine for influenza
နာနတ်ပွင့်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009069 (0714)

FAME **Echinacold®**
For acute respiratory tract infection
အစေးမိတုပ်ကွေးရောဂါကုဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007347 (1213)



မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း

**အမှတ်စဉ် (၁၁) (၁၂) (၁၃) ပုံမှန်တန်းခွဲသစ်များကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်**

အကြိမ်မိတ်ဆက်နှစ်ရက် (**အခမဲ့**) သင်တန်းကိုအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

## အခန်းဆက်ဝတ္ထု

# ကလပ်နှောင်း




**(ယမန်နေ့မှအဆက်)**

ဦးပဏ္ဍိနှင့် ဒေါ်နှင်းအိတို့သည် ကြိုးစား၍ ကျွန်တော်မျိုးသမီးကလေးကို ရှာပေးတော်မူပါဘုရား၊ သူ၏ ခင်ပွန်းမောင်လွန်းကြည်ကလည်း မရှိခိုက်ဖြစ်လေတော့ သာပြီးခက်တာပဲ ဘုရားဟု ငိုယိုကာ ပြောဆိုပြီး အိမ်သို့ပြန်အလာတွင် ရုတ်တရက် အံ့သြစွာတွေ့ရပြန်လေသည်မှာ မောင်လွန်းကြည်တို့သည် တောရွာများမှ ရောက်ခါစဖြစ်၍ တပည့်လက်သားတို့နှင့် ဝန်စည်စလယ်များကို သယ်ချကာ သိမ်းဆည်းနေသည်ကို တွေ့မြင်ခြင်း ဖြစ်ရလေ၏။

ကြည်။ ။မေမေ. . . မေမေတို့ဘယ်သွားနေကြပါသလဲ၊ သန်းရီကော မမြင်ပါကလား၊ "ရီရီရေ. . . မောင်တို့ပြန်လာပြီဟေ့"

ဒေါ်နှင်းအိတို့သည် ဆွံ့အသောသူကဲ့သို့ ဘာမျှပြန်မပြောတတ်ကြဘဲ တစ်ယောက်ကိုတစ်ယောက် တစ်လှည့်စီကြည့်ကာ ကြက်သေသေနေကြလေ၏။

ကြည်။ ။အံ့သြသောလက္ခဏာဖြင့် "အို. . ဘာဖြစ်နေကြတာလဲ၊ သန်းရီကော ဘယ်သွားသလဲ ပြောစမ်းပါဦး"

အိ။ ။"မောင့် နှမရယ် မိန်းမကြီးတစ်ယောက်နှင့်" ဟု . . ရှေ့သို့ ဆက်မပြောနိုင်ဘဲ ရှိနေလေ၏။

ကြည်။ ။"အဲဒါ ဘာဖြစ်သလဲ ပြောပါဦး၊ ငေးတေးကြီး လုပ်မနေကြပါနဲ့၊ ဒုက္ခပဲနော်. . ဘယ့်နှယ်ခုနက ဘာပြောတယ်"

ဦးပဏ္ဍိသည် ဒေါ်နှင်းအိအား မင်းပဲကြည့်ပြောလိုက်ပါတော့ဟူသော အနေနှင့် ကြည့်ရှုစောင်းငဲ့ပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားလေ၏။

"မပြောချင်ပါဘူး သားရယ် မအေးဆိုတဲ့ မိန်းမကြီးနဲ့ အလွမ်းသင့်ကြပြီး ရွှေဘုံသာဘုရားကြီးသို့ အဖူးအမြော်သွားလိုက်ကြတာ ယခုထက်ထိ ပြန်မလာကြတော့ဘူးသားရဲ့"

ကြည်။ ။"အမယ်လေးခက်ပြီ၊ ဘယ့်နှယ်လုပ်ကြမလဲ၊ မေမေတို့က တယ်လိုတာကိုး၊ ဘယ့်နှယ်ကြောင့် ထည့်လိုက် ရသလဲ၊ ကျွန်တော်ဒုက္ခရောက်အောင် လုပ်ကြတာလား။ နေ နေ ကျွန်တော် လိုက်ရှာမယ်။ မြို့စားကြီးကိုလည်း တိုင်တန်းပြီး ရှာမယ်"

အိ။ ။"မေမေတို့လည်း မြို့စားကြီးထံသို့ ရောက်ခဲ့ပြီသားရဲ့"

ကြည်။ ။အို မရရင် မနေဘူးဟု . . ပြောရင်းဆိုရင်း အတင်းထွက်သွားလေ၏။

မောင်လွန်းကြည်သည်ဒေါင်ချာစိုင်းအောင် လိုက်လံရှာဖွေလေ၏။ တွေ့ရာလူတိုင်းကို မေးမြန်းပါသော်လည်း သန့်သန့်မျှ မကြားရလေသောကြောင့် အလွန်ပူဆွေးလွန်းလှသဖြင့် မတ်တတ်မှ မေ့မြောကာ လဲကျသွားလေ၏။ နောက်မှ လိုက်လံစောင့်ရှောက်ကြသော တပည့်များက လျင်မြန်စွာပွေ့ယူ၍ နှာနှပ်ကာ သတိရစေပြီး အိမ်သို့တွဲခေါ်ကာ ပြန်လာခဲ့ကြလေ၏။

ဤကဲ့သို့ ပျောက်ဆုံးသည်ကစ၍ လူအများတို့အား ဆုလာဘ်များစွာ ပေးကမ်းပြီးလျှင် နေ့ရောညပါ ရှာကြသော်လည်း ဘယ်မှာမှသတင်းမကြားရသည့်ပြင် ယခင်က မောင်းခတ်ထားသော မြို့စားကြီး၏အမိန့်အရ ဤကလပ်နှောင်မြို့တွင်းက ကျော်လွန်၍ ထွက်ခွာမသွားဝံ့ချေ။ မောင်လွန်းကြည်မှာလွန်စွာ အတိဒုက္ခရောက်ရှာလေသောကြောင့် အရူးပမာကဲ့သို့ လူတွေ့တိုင်း ရီရီကို ရှာပေးပါ၊ရှာပေးပါဟူ၍ တစာစာပူဆာနေလေ၏။

ဦးပဏ္ဍိနှင့် ဒေါ်နှင်းအိတို့သည် အနည်းနည်း အဖုံဖုံ ကြံစည်ရှာဖွေပါသော်လည်း ဘယ်မှာမှ မတွေ့ရသဖြင့် လက်မှိုင်ချကာ နေရလေ၏။

မြို့တွင်းရှိ ဗေဒင်ဟူးရား ဆရာသမားတို့အား ဆုလာဘ်များစွာပေး၍ မေးမြန်းပါသော်လည်း တတ်ရာကျ မဟောနိုင်၊ မကြာမီ ပြန်လည်ရောက်ရှိပါလိမ့်မည်ကိုသာ ဟောကြားကြသည်ကို သဘောမကျသည်နှင့် နောက်ထပ် ဗေဒင်ဆရာကောင်းများကိုသာ မျှော်လင့်၍ နေရလေ၏။

မဲဇာမြစ်ကြောင်းမှာ လောင်းလှေကြီးတစ်ခုသည် ညတွင်းအခါ ကလပ်နှောင်မြို့က ဆိတ်ငြိမ်စွာ စုန်မျော၍လာသည်ကို လူတိုင်းပင် မသိလိုက်ရသော်လည်း ၎င်းလှေ၏ကပ်ဖိအတွင်းမှ ဆင်းရဲခြင်းဒုက္ခဖြင့် ခံနေရရှာသော သူငယ်မကလေးတစ်ယောက်သည် မည်ကဲ့သို့သောအဖြစ်သို့တိုင် ရောက်တွေ့ကြုံရလေဦးမည်ကို မတွေးဝံ့သဖြင့် မချိတရိနှင့်သာ ဖို့ရွှဲ့ကာ ငိုကြွေးရင်းလိုက်လာခဲ့ရလေသည်ကို တွေ့မြင်သူတိုင်းပင် သနားကြရှာလေ၏။

ထိုသူငယ်မသည် မျက်နှာကလေးငယ်ငယ်နှင့် "ဦးကြီးတို့ရယ်. . . ကျွန်မကို ဘယ်လိုနည်းဖြင့် ဆောင်ယူ၍ ဘယ်လိုစီမံကြမည်ကို အမိန့်ရှိတော်မူပါရှင်၊ အသက်ကို ချမ်းသာပေး၍ ကျွန်မတို့အိမ်ကို ပြန်ပို့တော်မူပါ။ ဦးကြီးတို့ အလိုရှိသရွေ့ ရွှေငွေပစ္စည်းများကို ပေးပါ့မယ်. . . ရှိကြီးခိုးပါရဲ့ရှင်. . . ၊ အို ကိုလွန်းကြည်ရဲ့ ကျွန်မ၏အဖြစ်တွေကို မြင်လှည့်ပါဦး. . . သြော် အခုအခါ ကိုလွန်းကြည် အိမ်သို့ပြန်ရောက်လာ၍ ကျွန်မ မရှိကြောင်းကို သိလေလျှင် သေမတတ်ဖြစ်ရှာတော့မှာပဲ၊ ဘုရားကယ်တော်မူပါ၊ ဦးကြီးတို့ရယ် ကျွန်မကို မကယ်နိုင်ကြတော့ဘူးလား. . . "ဟု ငိုယိုကာ တောင်းပန်ရှာလေ၏။

> “ ပထမ၌ အတော်ပင်မြင့်မောက်စွာ တက်လာခဲ့ရသော်လည်း ယခုအခါ ညီညာသောမြေပြင်သို့ ရောက်ရှိလာ၍ လမ်းကြီးလမ်းငယ် အသွယ်သွယ်နှင့် တင့်တယ်ဖွယ်ရာသော တိုက်တာ ဥယျာဉ်ကြီးများကို လည်းကောင်း၊ ထို့ပြင် မိုးသို့ထိလုဘနန်းရှိသော နန်းတော်နှင့် တန်ဆောင်း၊ ပြာသာဒ်ကျောင်း၊ ဇရပ်စသည်များကိုလည်း တွေ့မြင်ရလေ၏ ”

၎င်းလှေအတွင်းမှ လိုက်ပါလာကြသော သူတို့သည် ထိုသူငယ်မကလေးအား သနားကြသဖြင့် တောင်းပန်လိုသောသဘောနှင့် ဗိုလ်ကျော်ဒွန်းအား ဝိုင်းဝန်းကြည့်ကြလေ၏။

ဗိုလ်ကျော်ဒွန်းမှာ အလွန်ခက်ထန် ကြမ်းကြုတ်သော အမူအရာဖြင့် "အခုတော့ ဘာမှမတတ်နိုင်တော့ဘူး၊ ဟိုကျတော့မှသာ မင်းကံအတိုင်းပဲ အခုလည်း ပန်းတင်စော်ဘွားကြီးနယ်ကို ရောက်လာကြပြီ၊ အဲဒီတော့ မင်းမျက်နှာကို ရှင်နိုင်သလောက် ရွှင်ရွှင်လန်းလန်းနေစမ်းပါ။ လင်သေတဲ့ မျက်နှာမျိုးလိုမနေပါနဲ့ ကြားရဲ့လား။ နောက်ကို သည်မျက်နှာမျိုးကို မြင်ရလျှင် အသေသတ်ပစ်လိုက်မယ်။ ဟော. . . ဒီမှာကြည့်စမ်း"ဟု ပြောင်လက်သော ဓားကြီးကို ချိန်ရွယ်လိုက်ပြီး၊ "ဟေ့ အကောင်တွေ သတိထားပြီး စောင့်ကြည့်ကြနော်၊ ကိုင်း ကိုင်း. . . ဒီဟာ အောင်းပင် ဆိပ်ကမ်းကြီးပဲ၊ ဆိုက်ကပ်ကြပေတော့"

ထိုအခါ ပါလာသော လူတစ်စုတို့သည် လှပသော ထမ်းစင်တစ်ခုကို ချက်ချင်းပြုလုပ်ကြပြီးလျှင် ထိုသူငယ်မလေးအား မိမိတို့ ယူဆောင်လာခဲ့သော တင့်တယ်လျောက်ပတ်သော ဝတ်စားတန်ဆာများကို ဆင်ယင်စေ၍ ရှေ့နောက်ဝဲယာ ကြပ်မတ်ကာ၊ အနောက်ဘက်တောင်တန်းသို့ ထမ်းဆောင်ခေါ်သွားပြန်လေ၏။

နေမွန်းတည့်ချိန်သို့ ကျရောက်သောအခါ ပန်းတင်တောင်ခြေရင်းသို့ ရောက်ရှိကြလေ၏။

ပန်းတင်နယ်၊ ကင်းစောင့်တပ်သားများနှင့် တွေ့ရှိ၍ ၎င်းတို့လာရောက်သောအကြောင်းကို ပြောပြပြီးလျှင် ၎င်းတို့ညွှန်ပြသော ခရီးလမ်းအတိုင်းဆက်လက်သွားကြရလေ၏။

ဤမြို့သည်တောင်စဉ်တောင်တန်းတို့ဖြင့် ပိုက်စီးကာသန်း၍ အမြင့်ဆုံးသောနေရာဖြစ်သောကြောင့် အလွန်တရာပင် သာယာသောတောင်စခန်းမြို့ကြီး တစ်ခုပင် ဖြစ်လေ၏။

ပထမ၌ အတော်ပင်မြင့်မောက်စွာ တက်လာခဲ့ရသော်လည်း ယခုအခါ ညီညာသောမြေပြင်သို့ ရောက်ရှိလာ၍ လမ်းကြီးလမ်းငယ်အသွယ်သွယ်နှင့် တင့်တယ်ဖွယ်ရာသော တိုက်တာဥယျာဉ်ကြီးများကို လည်းကောင်း၊ ထို့ပြင် မိုးသို့ထိလုဘနန်းရှိသော နန်းတော်နှင့် တန်ဆောင်း၊ ပြာသာဒ်ကျောင်း၊ ဇရပ်စသည်များကိုလည်း တွေ့မြင်ရလေ၏။ မြို့သူမြို့သားတို့သည်လည်း စည်စည်ကားကား ရောင်းဝယ်ဖောက်ကား သွားလာမပျက်ရှိကြသည်ကို တွေ့မြင်ရလေ၏။ ဤသို့လျှင် တစ်ဆင့်မှတစ်ဆင့် သွားရောက်ကြရာ မကြာမီ စော်ဘွားကြီးစံနေတော်မူရာသို့ ရောက်ရှိ၍ ရိုသေစွာရှိခိုးပြီးလျှင် ကလပ်နှောင်မြို့စားက သမီးကညာဆက်သကြောင်းများနှင့် အခြားသော ရှိခိုးလက်ဆောင်တော်တို့ပါ ဆက်သကြလေ၏။ ၎င်းနောက်တွင် အလွှာတော်စာကို ရိုသေစွာဖတ်ကြား၍ ပြီးလေ၏။

မောင်လွန်းကြည်သည် သန်းရီပျောက်ဆုံးသွားသည့်အတွက် ပူပန်အားကြီးလှ၍ ဆောက်တည်ရာမရဖြစ်သောကြောင့် ခြေဦးနှင့်ဒူးလှည့်ရာသို့ထွက်လာခဲ့ရာ မည်သူမျှမသိလိုက်ချေ။ ယခုအခါ အောင်းပင်တောကြီး၌ မျက်စိလည် လမ်းမှား၍ ရောက်ရှိနေသည်ဖြစ်လေ၏။

အစာအာဟာရလည်း မစားရသောကြောင့် အားအင်မရှိ၊ ရှေ့သို့ဆက်လက်၍သွားရန် မတတ်နိုင်တော့သဖြင့် တစ်ခုသောသစ်ပင်ရင်းတွင် ခေတ္တမျှအိပ်တော့မည်ဟု ထိုင်လိုက်စဉ် အဝတ်ဖြူကိုဝတ်လျက်ရှိသော လူကြီးတစ်ယောက်အား မြင်လိုက်ရ၍ တအားတက်ကာ ၎င်းထံသွားရောက်ပြီးလျှင် ဖြစ်ပျက်သမျှအကြောင်းများကို ပြန်ပြောင်းပြောပြလေရာ ထိုလူကြီးသည် ချိုသာရွှင်ပြုံးလျက် ဆုံးမပြောဆိုသည်တွင်မှ အနည်းငယ်မျှသော သက်သာရာကိုရလေ၏။

ဤသို့လျှင် ထိုလူကြီးညွှန်ပြရာသို့ အတူတကွဆက်လက်၍ လာခဲ့ကြရာ ပန်းတင်မြို့ကြီးသို့ ရောက်ရှိကြပြန်လေ၏။

ထိုအခါ ဆေးဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်၍ မည်သည့် ရောဂါမျိုးမဆို ပျောက်ကင်းအောင် ကုသနိုင်ကြောင်းနှင့် ကြော်ငြာမောင်းခတ်လေ၏။

လူအများတို့သည် ယုံမှတ်အားထားကာ ဆေးဝါးများကို စားသောက်ကြခြင်းဖြင့် အနာရောဂါပျောက်ကင်းကြသည်ကို တစ်ဆင့်မှတစ်ဆင့် သတင်းလွှင့်စပြုလေ၏။

သမီးကညာအဖြစ်နှင့် များမကြာမီက ရောက်လာသော သီရိရတနာသန်းသည် တစ်နေ့တစ်ရက်မျှ အပူတော်မအေး အဆွေးတော်ဗျာလှိုင်၍ မစားနိုင်၊ မသောက်နိုင်၊ တမှိုင်မှိုင်တထွေထွေနှင့် သေလုမတတ်ဖြစ်နေရှာလေ၏။

အခြွေအရံထဲမှ ယုံကြည်စိတ်ချမည်ထင်ရသော ဒေါ်စောခင်ဆိုသော လက်ပါးစေအပျိုတော်ကြီးကို တီးတိုစွာတိုင်ပင်၍ မိမိ၏အဖြစ်အပျက်များအားလုံးကို ဝမ်းနည်းစွာဖြင့် ပြောကြားရှာလေ၏။

ဒေါ်စောခင်သည် အလွန်သနား ကြင်နာလှ၍ သက်သာကြောင်းဖြင့် ဖျောင်းဖျောင်းဖျဖျ အေးကြည်မျှစေရန် နေ့ညမအား နားသွင်းရရှာလေ၏။

ရတနာသန်း။ ။ဒေါ်ဒေါ်ရယ် တစ်နေ့ကမြို့ထဲမှာ ဆေးဆိုင်အသစ်တစ်ခုဖွင့်လှစ်နေကြောင်း သတင်းကြားရပါတယ်။ ၎င်းတွင် ကျွန်မနှင့်သင့်တော်မယ်ထင်တဲ့ နှလုံးငြိမ်သွေးဆေးကလေးများ ဝယ်ပါချေ။ ယခုနည်းနည်းမူးနောက်နောက်ဖြစ်နေပါတယ်။

စောခင်။ ။မှန်လှပါ၊ ဘုရာ့ကျွန်မသွားရှာလိုက်ပါမယ်။ ပြီးတော့ကိုယ့်ကိုယ်ကိုယ်လည်း နေတတ်အောင်နေမှပဘုရား၊ စိတ်ထောင်းတော့ကိုယ်ကျေသတဲ့၊ ဤဒုက္ခမှ လွတ်ရာ လွတ်ကြောင်းကိုလည်း ဆုတောင်း၍ ကြံစည်ပါ့မယ်။ ဟိုသမားတော်ကြီး ဦးငွေးရဲ့ သွေးဆေးများကို သုံးဆောင်တော်မူလိုက်ပါဦးဘုရာ့၊ ပြီးတော့ ဟောဒီက သမားတော် ဦးဖားရဲ့ကတိုးနာကလေးကိုလည်း ရှူပါဦး ဘုရာ့။ **(ဆက်လက်ဖော်ပြပါမည်)**


**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက် - ၁၃-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၁၉-၂-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**
**အမှတ်(၅၁)၊ ဗဟိုလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၂၁၀၁၃**



တူဖေးစာအုပ်တိုက်

**စိတ်ခံစားချက်များနှင့် နေထိုင်ခြင်း**

ဒေါက်တာစိုးမင်း

စိတ်ခံစားချက်လှိုင်းလေယက်များ၊ ဦးနှောက်အာရုံကြောစနစ်တို့၏အခန်းကဏ္ဍများ၊ ပြင်းထန်သောစိတ်ခံစားတုံ့ပြန်မှုများကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းတရားများ၊ စိုးရိမ်စိတ်လွန်ကဲသည့်ဝေဒနာများ၊ သေခြင်းတရားနှင့် ဆုံးရှုံးမှုကို တုံ့ပြန်ခံစားမှုများ စသည့် ကျွန်ုပ်တို့ဘဝနှင့် ကင်းကွာ၍ မရနိုင်သည့်စိတ်ခံစားချက်များကို မည်သို့ရန်ကာလှုပ်ရှား၊ ရှင်သန်နေထိုင်သွားရမည်ဆိုသည်ကို အကျဉ်းချုပ်ဖော်ပြပေးထားသည့်စာအုပ်ကောင်းတစ်အုပ် .....

တန်ဖိုး - ၁,၅၀၀ ကျပ်

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။



မင်းယုဝေ စီစဉ်သည်
မင်္ဂလာထုတ်
**မြတ်မင်္ဂလာ**
စာစောင်
မင်္ဂလာရောင်ခြည်စာပေ၊ အမှတ်-၂၆၆၊ လမ်း-၅၀(အထက်)၊ ရန်ကုန်။ ဖုန်း-၃၇၅၉၃၂



**မြမြင်းမိုရ်**
ဘာသာရပ်
လေ့ကျင့်ဖော်ဒါကျောင်း
• English 4-Skill
• ၂၀၁၂
• ဖြ(၃) မြစ်ပယ်လမ်းသွယ်၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁ ၆၆၁၅၅၅၆

# CHERRY OO

## ချယ်ရီဦး နာရီဆိုင် ပြည်ဆိုင်ခွဲအား ၉.၂.၂၀၁၃ ရက်နေ့တွင်
## အမှတ် (၁၁၈)၊လမ်းမတော်လမ်း နှင့် ပွဲစားလမ်းထောင့်၊ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့ ၌
## ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း နာရီချစ်သော မိတ်ဟောင်းမိတ်သစ်များအား
## လေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်......

ဆက်သွယ်ရန်ဖုန်း -၀၉ ၄၃၀၆၄၃၄၉၊၀၅၃-၂၅၁၉၃

---

the bookhouse မှ
ဖေဖော်ဝါရီလအတွင်း
ထွက်ရှိမည့်စာအုပ်များ

၀၉-၅၀၀-၈၇၂၇
၀၉-၅၀၁-၀၈၅၂
၀၉-၄၃၁-၄၀၉၄၈

the bookhouse
we bring your future



ရဲမြင့်
ဟွန်ဒါဓါဒါကျာရို
ပါရမီရှင်ဓါဒ်းထခြင်း

မောင်မြတ်ရိုး
ဟင်နရီဖို့ဒ်ဓါဒ်ဗျူရှား

ကိုးလင်းပါဝဲလ်
လှမင်းသစ်

ထက်ဆွေ
ဘိုဒိုက်ဆာဖိုင်

အယူဒီးကိုတ်းဓါ
နောက်ဆုံး နေ့ရက်များ
မောင်မိုးဇည်

ခေါင်းဆောင်များအတွက်
အတွေးအခေါ်များ
မောင်မိုးဇည်

လူမင်းသစ်
အီဗာဘရွန်း
ချစ်သူဟစ်တလာနှင့်အတူ

---

ပထမဆုံး Likes လုပ်သူ ၅၀ ဦးရဲ့ Sweet Heart လေးတွေဆီကို Valentine's Day မှာ အရုပ်လှလှလေးတွေ ပို့ပေးပါရစေ...

အထူးအစီအစဉ်အဖြစ် ကျန် Likes လုပ်သူထဲမှ ကံထူးသူ ၃ ဦးအား ကျပ် ၂၅၀၀၀ တန် မုန့်ဗူး လှလှလေးကို ပို့ပေးမှာဖြစ်ပါတယ်

Likes လုပ်သူများအတွက် အထူးအစီအစဉ်များစွာ ကျန်ရှိနေပါသည်

http://www.facebook.com/pages/Royal-Express/203681169774248

ROYAL Logistics
The Only Way to Connect End User Directly

CONTACT PHONE : 09 73 18 7777



အရုပ် + ပို့ခ(လုံးဝအခမဲ့)

---

**Pizza** ကြိုက်နှစ်သက်သော *Customer* များအတွက်
အထူးဝန်ဆောင်မှုအနေနဲ့ "အိမ်အရောက် ပို့စနစ်" စတင်နေပါပြီ။

Pizza Mazzi®

# HOME DELIVERY

ဆိုင်ဖွင့်ချိန် – **9:00 a.m to 9:00 p.m**

**Room D-18, North Point Shopping Centre, Mayangone Township, Yangon. Ph : 01-652959-60, 61, 62, 63 (Ext : 131) 09 450026717**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ဖြူ [၁၂/လမန(နိုင်)၁၂၇၇၄၇] အစား ဒေါ်ဖြူ[၁၂/လမန(နိုင်)၁၂၇၄၄၇]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဝယ်လိုပါသည်

မြတ်စိုးနှင့်ရောင်းရင်းများမှ
ရွှေပြည်သာမြို့နယ် မြေကွက်များ
**ဖုန်း-၀၉-၇၃၀၆၂၃၁၁၊**
၀၉-၇၃၀၄၄၀၂၆၊ ၀၉-၇၃၁၂၄၅၃၈

### Power - 9

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း**

ရွှေပြည်သာစက်မှုဇုန်ရှိ မြေကွက်များ ဝယ်လိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
လိပ်စာအမှတ်-၅၂၊ အမှတ်(၄)လမ်းမကြီး(ကန်သာယာ)ရွှေပြည်သာမြို့နယ်၊
**ဖုန်း-၀၉-၄၃၁၇၁၇၃၄၊ ၀၉-၄၃၁၁၂၃၇၂၊ ၀၉-၅၂၀၃၂၃၈**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၀၇၉)(၁၀၈၀) (၁၀၈၁)ဧရိယာ ခန့်မှန်းခြေ မြေကွက်တစ်ကွက်လျှင် ပေ(၄၀×၆၀) မြေကွက်(၃)ကွက်အား အမည်ပေါက်ပိုင်ဆိုင်သူများထံမှ အရပ်ကတိစာချုပ် ဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စောမြသီတာသွင်[၁၂/ရကန(နိုင်)၀၀၀၆၄၂]ထံမှ ကျွန်ုပ်က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁)ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ထွန်း**
**ဖုန်း-၀၉-၄၉၂၃၁၄၉၉**
**အမှတ်(၆၂၅)၊ သမာဓိ(၃)လမ်း**
**၃၉/ဘီရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း**

### ဝန်ထမ်းအလိုရှိသည်

**Inventory Manager (1) – M/F**
- Must have B.C.Sc or equivalent
- Minimum 3 years of work experience as Inventory Manager or relevant field
- Airline market experience preferred; must be proficient with Microsoft Office

**Customer Service Representative (Call Center Operator)** (1 Day, 1 Night) – M/F
- Must have B.C.Sc or equivalent
- Minimum 2 years of work experience at call center using a computer
- Ability to converse fluently with foreign customers in English (and local customers)

**ယာဉ်မောင်း(၁)ဦး - ကျား/မ**
- ယာဉ်မောင်းလုပ်သက်(၃)နှစ်ရှိရမည်။ လမ်းကျွမ်းကျင်ရမည်။

(CV) လိုအပ်သောစာရွက်စာတမ်းများ၊အလုပ်သမားမှတ်ပုံတင်မိတ္တူများနှင့်လျှောက်ထားနိုင်ပါသည်။

To apply pls submit CV, a copy of labour registration card, previous job references, national registration card, education certificates and passport photo to the following address within one month of this publication.

Royal Hexagon Co.,Ltd
No.272, 1003,10th Floor,Dhana Hlaing Tower,Pyay Road, Sanchaung T/S, Yangon, Myanmar.
Tel: 951-516811, 959-5173899, 959-73226388
**Email**: royalhexagon@myanmar.com.mm , contact@frotiir.com **Website**: www.frontiir.com

### ကံကောင်းမယ့်အချိန်ကိုစောင့်နေတာထက်စာရင် ကံကောင်းအောင်ကြိုးစားလိုက်ပါ။

ပုဏ္ဏားဗေဒင် လက္ခဏာကျမ်းပြုပညာရှင် ဆရာဒဂုန်ဓါသမီး
**မြန်မာနိုင်ငံတွင် ပထမဆုံး နက္ခတ်ဗေဒင်ပါရဂူဘွဲ့ရ**

# ဒေါက်တာဒဂုန်ခင်သဇင်

Ph.D(Astro) [INDIA]., Hony-Ph.D.,B.Sc(Chem).,
Dip CA., D.A.Psy., Dip in Social Work

တိုက်-B-2၊ အခန်း-၂၀၉ ၊ ဗညားဒလလမ်း ၊ ယုဇနဒီမိုရာ ၊
ယုဇနပလာဇာအနီး ၊ တာမွေမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း-၀၉ ၇၃၀ ၄၃၈၆

### ကြော်ငြာခြင်းမဟုတ်ပါ သတင်းကောင်းပေးခြင်းဖြစ်ပါသည်။

သင်ကြားရေးသင်ယူမှု **Multimedia** အခန်းများအတွက်၊

# Language Lab

အသေးစိတ်သိလိုလျှင်လည်းကောင်း၊အဆောင်းပြင်ဆင်လိုလျှင်လည်းကောင်း၊
(၁၅)နှစ်ကျော်အတွေ့အကြုံရှိပြီး အရည်အသွေးစိတ်ချရသည့်
**SoftGuide** ကိုဖုန်းဆက်သွယ်လိုက်ပါ။
**SoftGuide No.(52), 19th Street, Latha Tsp, Yangon.**
**Tel : 01-382180, 229264, 372171, Mobile : 09 511 7558**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ရမည်းသင်းမြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ ကျောင်းမနေနိုင်သည့်ကလေးများ ကျောင်းနေနိုင်ပြီး ပညာတတ်များဖြစ်စေရန် စိုက်ထူခြင်းဖြစ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သီလဝခန်းမ၌ ကျင်းပသည့် ရမည်းသင်းမြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာ၌ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ပညာရေးဖြင့်သာ တည်ဆောက်နိုင်ကြောင်း၊ သို့ဖြစ်၍ ယခု ပညာသင်ဆုငွေပဒေသာပင်ကို ရမည်းသင်းမြို့နယ်မှ ဆင်းရဲနွမ်းပါးပြီး ကျောင်းမနေနိုင်သည့် ကလေးများ ကျောင်းနေနိုင်ပြီး ပညာတတ်များ ဖြစ်စေရန် စိုက်ထူခြင်းဖြစ်ကြောင်း၊ ယခုစိုက်ထူသည့် ပညာသင်ဆု ငွေပဒေသာပင်ကို စည်းကမ်းစနစ်တကျနှင့် သမာသမတ်ကျစွာဖြင့် အမှန်တကယ် လိုအပ်သူများကိုသာ စိစစ်ရွေးချယ်ထောက်ပံ့ရန်လိုကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီစနစ်ကျင့်သုံးနေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူက အုပ်ချုပ်သည့် စနစ်ဖြစ်သောကြောင့် ယင်းအုပ်ချုပ်ရေးတွင် ပြည်သူတိုင်း ပါဝင်ခွင့်ရှိသည့်အတွက် ပညာတတ်ရန်လိုကြောင်း၊ ပညာတတ်မှသာလျှင် နိုင်ငံတော်၏ အာဏာသုံးရပ်ကို ကျင့်သုံးနေသည့် ပုဂ္ဂိုလ်များအား မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပညာတတ်မှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာပြီး နားလည်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုဆင်းရဲနွမ်းပါး ပညာသင်ဆု ငွေပဒေသာပင်ကို **စာမျက်နှာ ၅ ကော်လံ ၃ သို့ ☆**

# ကချင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲပြီး ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးရရှိရေး နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့်အတူ ပြည်သူများအားလုံး ပူးပေါင်းပါဝင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတ၊ ဝန်းသိုကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးအရ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသည့် မိသားစုဝင်များ နေထိုင်သော မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဆွတ်ငိုင်တောင်ကယ်ဆယ်ရေးစခန်းရှိ မိသားစုဝင်များအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျွန်းလှမြို့ရှိ ရွှေကျွန်းသာခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု


- ဥမကွဲ သိုက်မပျက် ရွှေသို့ဆက် ပေါင်းဖက်ချစ်ကြည် ပြည်သစ်တည် ပန်းတောင်းသန်းကြွယ်၏ (ဆောင်းပါး) စာမျက်နှာ » ၈
- ပြည်ထောင်စုဆိုတာ ကိုကောင်း၏ (ကာတွန်း) စာမျက်နှာ » ၉
- ကျိုက်ထို - ရန်နောင်စိုး၏ ပင်လုံစိတ်ဓာတ် စာမျက်နှာ » ၉
- သမိုင်းဝင်ပင်လုံစာချုပ် စာမျက်နှာ » ၉